


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ဘာပါရမီမှ မစောင့်ပါနဲ့ မဂ္ဂင်သာ ဝမ်းထဲရောက်ပါစေ

ဟောကြားသည့်နေ့
၁၀ - ၅ - ၆၁

၁၉၇

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# "ဘာပါရမီမှမစောင့်နဲ့ မဂ္ဂင်သာဝမ်းထဲရောက်ပါစေ"

ဟောကြားသည့်နေ့ (၁၀-၅-၆၁)

ဘုရားသခင်ကိုယ်တော်မြတ်ကြီး မေးတယ်၊ အရှင်ဘုရား အမတ - အမတဆိုတာ ဘာပါလိမ့်မလဲ. . .၊ အမတဆိုတာ အားလုံးမှတ်ထားကြ ဒကာ ဒကာမတို့ မသေရာကိုဆိုသည် . . . (မှန်ပါဘုရား)။

## အမတဆိုတာဘာပါလိမ့်

အမတဆိုတာ ဘာပါလိမ့် . . . (မသေရာကိုခေါ်ပါတယ်ဘုရား)။ မသေရာကို အမတလို့ခေါ်သည်လို့ အသေအချာမှတ်ပါ။

"အမတံ အမတံ ဘန္တေဝုစ္စတိ၊ ကတမံနုခေါဘန္တေ အမတံ။"

အရှင်ဘုရားတဲ့ ဘယ်ဟာသည် မသေရာ မသေရာလို့ခေါ်ပါလိမ့်မတုံးမေးတော့ "ကတမံ နုခေါ ဘန္တေ အမတံ" အရှင်ဘုရား ဘယ်ဟာသည် မသေရာပါလိမ့်မလဲလို့ဆိုတော့ "ယောခေါဘိက္ခု ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော ဣဒံဝုစ္စတိ ဘိက္ခု အမတံ" လို့ သံယုတ်ပါဠိတော်မှာ ဟောတော့၊ ကွာ . . . တဲ့ အမတသည်ကားလို့ဆိုလို့ရှိရင် မြန်မာလိုပြောရင် နိဗ္ဗာန်ပဲ၊ စာလိုသုံးရင် မသေရာပဲ။

## မြန်မာလိုပြောရင်နိဗ္ဗာန်

မြန်မာလိုပြောရင် . . . (နိဗ္ဗာန်ပါဘုရား)၊ မြန်မာလိုပြောကြပါစို့ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်ပါပဲ။ ဒီထက် ရှင်းရှင်းလင်းလင်းပြောပါဆိုလို့ရှိရင်ဖြင့် မသေရာဘဲလို့ အားလုံးမှတ်ထားကြပါ . . . (မှန်ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မသေရာဆိုတဲ့ဥစ္စာရှိတာပေါ့ . . . (မှန်ပါ)။ မသေရာရှိတယ်လို့ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်ထားကြပါ . . . (မှန်ပါ)။

အဲတော့ မသေရာတော့ရှိပြီဘုရား၊ မသေရာကို သွားရာလမ်းကို တပည့်တော်များအား အမိန့်ရှိပါဦးမေးထိုက်ပြီ. . . (မေးထိုက်ပါတယ်ဘုရား)။

## မသေရာလမ်းကိုအမိန့်ရှိပါ

မသေရာလမ်းကိုလည်း တပည့်တော်များ အမိန့်ရှိပါဦးလို့ ပြောတဲ့အခါကျတော့၊ မသေရာလမ်းသည်ကား "အမတ ဂါမိမဂ္ဂေါ" ပဲ၊ "အမတ ဂါမိ မဂ္ဂေါ" ဆိုတာ မသေရာသို့ ရောက်အောင်သွားတတ်တဲ့လမ်း၊ ဘယ်သူပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ "ဧဝမေဝ အဋ္ဌင်္ဂိကောမဂ္ဂေါ" မဂ္ဂင်ရှစ်ပါးပဲ . . . (မှန်ပါ)။

ဒါဖြင့် မဂ္ဂင်ရှစ်ပါးက မသေရာသွားတဲ့လမ်း၊ အမတဆိုတာက နိဗ္ဗာန်၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မသေရာလည်းရှိ၊ မသေရာသွားတဲ့လမ်းလည်းရှိတယ် . . . (မှန်ပါ) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

မသေရာကော. . . (ရှိပါတယ်ဘုရား)၊ မသေရာသွားတဲ့လမ်းကော . . . (ရှိပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အင်း-ဒီခန္ဓာကြီးကဖြင့် နေ့လား၊ ညလားမသိဘူး၊ သူဖောက်ပြန်လို့ရှိရင်ဖြင့် အင်း-ခေါင်းထဲရောက်မှာပဲလို့၊ ကျုပ်တို့ ဒကာ ဒကာမတွေ တွေးလုံးထုတ်ပြီးနေကြရတယ် . . . (မှန်ပါ)။

## သေတတ်တာကြီးပါလာလို့

ဒါ - ဘယ့်နှယ်ကြောင့်လဲမေးလို့ရှိရင်ဖြင့် အင်း သေတတ်တာပါလာလို့၊ သေတတ်တာကြီးပါပြီးသကာလ နေတဲ့အတွက်၊ သေမှာကို စဉ်းစားနေကြရတယ်ဆိုလို့ရှိရင်လည်း မလွဲဘူးပေါ့ . . . (မလွဲပါဘူးဘုရား)။

အဲဒါ ဉာဏ်နဲ့ ဒကာ ဒကာမတွေက သေသေချာချာ စဉ်းစားတော့မှ၊ ဩော် . . . ဘုရားက ကိုယ်တော်တိုင် ဟောထားတော့မသေရာလည်းရှိတယ်၊ မသေရာလမ်းလည်း ရှိတယ်လို့ ဒကာ ဒကာမတွေ မှတ်ထား . . . (မှန်ပါ)။

မသေရာ . . . (ရှိပါတယ်ဘုရား)၊ မသေရာသွားတဲ့ လမ်း (ရှိပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် မသေရာလည်းရှိတယ်၊ မသေရာ သွားတဲ့လမ်းလည်း ရှိတယ်ဆိုသဖြင့်၊ ကျုပ်တို့မှာတဲ့ ပူစရာ မလိုပါဘူး . . . (မှန်ပါ့)၊ ပူစရာမလိုပါဘူး ဒကာ ဒကာမတို့ ဘာမှ မကြောင့်ကြပါနဲ့၊ ဒီလမ်းပေါ် ရောက်အောင်တက်ဖို့ရာ

အရေးဟာ၊ ကိုယ်ဂရုစိုက်ဖို့အရေးပဲလို့မှတ်ထားကြလို့ရှိရင်ဖြင့် ဒါဘာမှ ပူစရာမရှိတော့ဘူး။

ဒီလမ်းမရောက်သေးလို့ရှိရင် ရောက်အောင်တက်ဖို့ရာ ကျုပ်တို့ အရေးပေါ့ဗျာ . . . (မှန်ပါ)။ ဒီလမ်းပေါ် ရောက်မိလို့ ရှိရင်လည်း ဒီလမ်းက လျှောက်သာသွားပါ ကိုဝတို့၊ မောင်နိုင် တို့၊ ကိုမြင့်တို့၊ မသေရာ အမတဆိုတဲ့နေရာဌာနရောက်ပါ တယ်လို့ မှတ်ထား . . . (မှန်ပါဘုရား)။

## ကံထူးဉာဏ်ထူးရှိလို့သိရတာ

ကောင်းပြီ ဒါဖြင့် မသေရာလည်းသိပြီ၊ မသေရာသွား တဲ့လမ်းလည်းသိတဲ့ ဒကာ ဒကာမတွေသည်၊ ဒါ-ဘုန်းထူး၊ ကံထူး၊ ဉာဏ်ထူးရှိလို့ ဒီဘဝမှာ သိကြရတယ်လို့ မှတ်ထား လိုက်စမ်းပါ . . . (မှန်ပါ့)။

တစ်သံသရာလုံးမှာ မသေရာလည်းမတွေ့ခဲ့ဘူး၊ မသေရာကို သွားတဲ့လမ်းလည်းပြောပေးမည့်သူ၊ ဆုံးမပေး မည့်သူ မရှိတော့ ကိုယ်ကိုယ်တိုင်လည်း မသွားတတ်၊ မလာ တတ် ဖြစ်ပြီးသကာလ နေသောကြောင့်၊ ဘာလေးလျှုလှူ ဘာလေးတန်းတန်း အင်း. . . နောက်ဘဝ လူချမ်းသာဖြစ်ရပါ လို၏ ဆိုတော့ သေရာ ဆုတောင်းလိုက်ပြန်ပြီ . . . (မှန်ပါ)။

နတ်ချမ်းသာဖြစ်ရပါလို၏ဆိုတော့ . . . (သေရာဆု တောင်းလိုက်ပါတယ်ဘုရား)။ အဲ - ဗြဟ္မာပဲဖြစ်ရတာက တော်သေးရဲ့ထင်ပြန်ရဲ့ဆိုတော့ . . . (သေရာဆုတောင်းပါ တယ်ဘုရား)။

ဩော်-တစ်သံသရာလုံးဟာ မသေရာလည်း မတွေ့ခဲ့၊ မသေရာသွားတဲ့လမ်းလည်း မတွေ့ခဲ့ဘဲနဲ့၊ ကျုပ်တို့သည် သေရာကိုသာ ဦးတည်ပြီးသကာလ တလျှောက်ထဲ လျှောက်ပြီး သကာလ နေကြတော့၊ မသေရာလမ်းလည်း မတွေ့ခဲ့၊ မသေရာလမ်းကိုမတွေ့ခဲ့တဲ့ဖြစ်ထွေကဖြင့်၊ တစ်သံသရာလုံး ကျုပ်တို့မှာ အနာကြီးနာခဲ့တဲ့ဖြစ်ထွေပဲဆိုလို့ရှိရင်၊ ဒကာ ဒကာမတို့ သေသေချာချာ မလွဲတော့ဘူး . . . (မှန်ပါ)။ သဘောပါကြရဲ့လား . . . (ပါပါတယ်ဘုရား)။

## မဂ္ဂင်ရှစ်ပါးသည် မသေရာသွားတဲ့လမ်း

ဒါဖြင့် ယနေ့ညမှာ ဆရာဘုန်းကြီးက ဒကာ ဒကာမတို့ မသေရာလည်းရှိသတဲ့၊ အမတံ-အမတံလို့ဆိုတော့ အမတဆို တာက မသေတာပဲတဲ့၊ "အမတ ဂါမိ မဂ္ဂေါ" ဆိုတာကလည်း မဂ္ဂင်ရှစ်ပါးပဲ၊ မသေရာသွားတဲ့လမ်းပဲ . . . (မှန်ပါ)။

ဒီလိုသိပြီး သကာလနေတော့၊ ဩော်-တော်သေးရဲ့ တော်သေးရဲ့၊ ကလျာဏမိတ္တဆိုတဲ့ဆရာကောင်း သမား

ကောင်းနဲ့တွေ့ပြီးသကာလနေတဲ့အတွက် မသေရာလည်းသိရပြီ၊ မသေရာသွားတဲ့လမ်းလည်း သိရပြီဆိုတော့၊ ဩော်-ဖြည့်လာတဲ့ပါရမီဟာ ဒီဘဝ ပြည့်တဲ့အချိန်ရောက်လို့ ဒါတွေ့တာပဲ (မှန်ပါ)။

ဖြည့်လာတဲ့ပါရမီပြည့်တဲ့အချိန်ရောက်တာနဲ့ . . . (လာတွေ့ပါတယ်ဘုရား)၊ ဒီဟာလာတွေ့တယ်၊မောင်နိုင်တို့ကောင်းကောင်းကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ရှေးကရှာခဲ့တာတွေကဖြင့် အလွဲနဲ့အချော်၊ အမှောက်နဲ့ အမှားချည့်ပဲဆိုရင်၊ ကိုဝ ငြင်းဖို့လိုသေးသလား . . . (မလိုပါဘူးဘုရား)။

ရှေးကကို မဆိုထားပါနဲ့လို့ ဒကာ ဒကာမတွေသတိပေးလိုက်ပါတယ်၊ အခု ဆရာကောင်း သမားကောင်း မကြုံခင်ကကိုပဲ၊ အင်း-နိဗ္ဗာန်မရမီစပ်ကြားဆိုပြီး သေရာစကားဟာ မထည့်ဘဲကိုမနေရဲဘူး . . . (မှန်ပါ)။

## နိဗ္ဗာန်မရမီစပ်ကြားဆိုတာ

နိဗ္ဗာန်မရမီစပ်ကြားဆိုတာ သေရာ စကားလို့မှတ်ပါ (မှန်ပါ)၊ နိဗ္ဗာန်မရမီစပ်ကြားဆိုတာ . . . (သေရာစကားပါဘုရား)။ သေရာစကားတဲ့ ဒကာ ဒကာမတို့၊ နိဗ္ဗာန်မရမီစပ်ကြားဆိုတဲ့ဥစ္စာ ဒီထည့်ချင်တဲ့ ပုဂ္ဂိုလ်ဟူသ၍သည်ကားလို့ဆိုလို့

ရှိရင်ဖြင့်၊ သေသေချာချာ ဉာဏ်နဲ့သာ ကိုဝတို့၊ မောင်နိုင်တို့၊ ကိုမြင့်တို့ တွေးကြည့်ကြမယ်ဆိုရင်၊ ဪ . . . သေပရစေဦး လို့ ထည့်လိုက်တာ . . . (မှန်ပါ)။

## သေပါရစေဦးအစိပ္ပါယ်

ဒိပြင် ဘာပါသေးသတုံး . . . (မပါပါဘူးဘုရား)။ သေပရစေဦးဆိုတဲ့ အဓိပ္ပါယ်ပဲ၊ နိဗ္ဗာန်မရောက်မီစပ်ကြား လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ အကြိမ်ကြိမ် ခံစား ပြီး၍ ဆိုတော့၊ သူခံစားတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန် ချမ်းသာမပါပါဘူး . . . (မပါပါဘူးဘုရား)။

ဝေဒနာခံစားတာတွေသာပါနေတယ် . . . (မှန်ပါ)။ ဝေဒနာခံစားလို့ရှိရင်ဖြင့် အင်း-သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာနဲ့ဆိုတော့၊ ဝေဒနာက္ခန္ဓာကြီး ချည့်ဆုတောင်း နေတယ် . . . (မှန်ပါ)။

ဝေဒနာက္ခန္ဓာချည့် သူဆုတောင်းပြီးထားတော့၊ သတ္တဝါတွေသည်ကားလို့ဆိုရင်ဖြင့်၊ ဘယ်အချိန်မှ ဝေဒနာ မကင်းသောကြောင့်၊ ဝေဒနာနဲ့ သေဖို့ဆုတောင်းတာ . . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဝေဒနာနဲ့သေဖို့ဆုတောင်းတာ

ဘယ်အချိန်မှ ဝေဒနာမကင်းသောကြောင့် သူဘာဆုတောင်းဖြစ်ပါလိမ့် . . . (ဝေဒနာနဲ့သေဖို့ပါဘုရား)။ ဝေဒနာနဲ့သေဖို့ ဆုတောင်းတာ အဲဒါ လူချမ်းသာဆိုတာလည်း ဝေဒနာနဲ့ ဆုတောင်းတာ . . . (မှန်ပါ)။

နတ်ချမ်းသာဆိုတာ . . . (ဝေဒနာဆုတောင်းယူတာပါ ဘုရား)။ ဗြဟ္မာချမ်းသာဆိုတာ . . . (ဝေဒနာဆုတောင်းတာပါဘုရား)။

ဒါကြောင့် ဒီဝေဒနာတွေနဲ့ သေရပါလို၏ . . . (မှန်ပါ)။ ဒကာ ဒကာမတို့ ဒီဝေဒနာတွေနဲ့ သေရပါလို၏ဆိုတဲ့ အဓိပ္ပါယ်မရဘူးလား . . . (ရပါတယ်ဘုရား)။

အဲ့ဒါ ဘယ့်နှယ်ကြောင့် ဒကာ ဒကာမတွေသည် ဝေဒနာသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒုက္ခဝေဒနာလည်း သတ်တတ်တဲ့ ဝေဒနာပဲ၊ သုခဝေဒနာလည်း သတ်တတ်တဲ့ ဝေဒနာပဲ၊ ဥပေက္ခာဝေဒနာလည်း သတ်တတ်တဲ့ဝေဒနာပဲ။

## လူချမ်းသာနတ်ချမ်းသာဆိုတာ

ဝေဒနာဆိုလို့ရှိရင်ဖြင့် ခန္ဓာသတ်တတ်တဲ့ ဝေဒနာချည့်ဖြစ်ပြီး သကာလ နေတာကို၊ ဒကာ ဒကာမတွေကလည်း မသိတော့၊ နိဗ္ဗာန်မရမီစပ်ကြား၊ လူချမ်းသာ၊ နတ်ချမ်းသာ၊

ဖြဟ္မာချမ်းသာဆိုပြီး၊ ဝေဒနာတွေ ဆုတောင်းလိုက်တဲ့ဖြစ်ခြင်းကလည်း မပြောနဲ့တော့၊ သေမင်းချည့်တောင်းလိုက်တာပဲ. . . (မှန်ပါ)။

ဘာများတောင်းလိုက်ပါလိမ့် . . . (သေမင်းချည့်တောင်းပါတယ်ဘုရား)။ သေမင်းချည့်တောင်းလိုက်တာပဲဆိုတာ ဒကာ ဒကာမတွေ ငြင်းဆန်နေဖို့လိုသေးသလား . . . (မလိုပါဘူးဘုရား)။

## ဆရာကောင်းသမားကောင်းမကြုံလို့

ကဲ-ဒါဖြင့် ဒကာဒကာမတို့ ဘာ မတွေ့လို့ သေမင်းဆုတောင်းဖြစ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်၊ ဆရာကောင်းသမားကောင်း မကြုံတော့ မသေရာကိုလည်း ဟောပေးမယ့် ဆရာကိုလည်း မတွေ့ဘူး . . . (မှန်ပါ)၊ မသေရာ လမ်းပြပေးမယ့်ဆရာလည်း မတွေ့ဘူး . . . (မှန်ပါ) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

မသေရာကိုလည်း ဟောပေးမယ့်ဆရာလည်း . . . (မတွေ့ခဲ့ပါဘုရား)၊ မသေရာလမ်းပြပေးမယ့်ဆရာလည်း. . . (မတွေ့ခဲ့ပါဘုရား)။

မတွေ့တာနဲ့ဘဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နိဗ္ဗာန်မရမီစပ်ကြားမှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ

ဆိုတဲ့ ဝေဒနာတွေကို ကိုဝတို့ ဆုတောင်းယူတာတွေကြားဖူးကြပါလိမ့်မယ် . . . (မှန်ပါဘုရား)။

## ဝေဒနာသည်ဘာလုပ်တတ်ပါလိမ့်

ဒီ ဝေဒနာတွေဟာ ဘာလုပ်တတ်ပါလိမ့်မတုံးလို့မေးရင် ဘယ့်နှယ်ဖြေကြမတုံး . . . (သေတတ်ပါတယ်ဘုရား)၊ ဝေဒနာသည်ကားလို့ဆိုရင် သတ်တတ်သည်လို့မှတ်ထား. . . (မှန်ပါ)။

ဝေဒနာဘာလုပ်တတ်ပါလိမ့် . . . (သတ်တတ်ပါတယ်ဘုရား)။ နို့ သတ်တတ်တဲ့ဝေဒနာကို ဝေဒနာကသတ်တာလားတဲ့၊ အသတ်ခံချင်တဲ့ပုဂ္ဂိုလ်က ဝေဒနာကို အရယူတာလားလို့ တစ်ခါမေးလိုက်ပြန်တော့လည်း ဘယ့်နှယ်ဖြေကြ. . . (အသတ်ခံချင်တဲ့သူက ဝေဒနာအရယူတာပါဘုရား)။

ဩော်. . . မသိလိုက်တဲ့ဖြစ်ထွေသည်ကားလို့ဆိုလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတွေ လွန်ကုန်ပြီလို့ ဆိုရတော့မယ်. . . (မှန်ပါ)။ ဝေဒနာကို ဒကာ ဒကာမတွေ စဉ်းစားကြည့် ဝေဒနာသည်ကားလို့ဆိုရင် ဘာသစ္စာဖွဲ့ကြမယ် . . . (ဒုက္ခသစ္စာပါဘုရား)။

## ဝေဒနာကိုဘာသစ္စာဖွဲ့မှာလဲ

ဒါဖြင့် "ဒုက္ခသ ပိဋနဿော"၊ ဒုက္ခသ - ဒုက္ခသစ္စာ၏ (ဝါ) ဝေဒနာဒုက္ခတို့၏၊ ပိဋနဿော - ညှာတာမဖက်အမြဲနှိပ်စက်တတ်သော တရားသည်လည်းကောင်းလို့ ဘုရားက ဟောမထားဘူးလား . . . (ဟောထားပါတယ်ဘုရား)။

အင်း-ဝေဒနာဆိုတာသည် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာဆိုတာ ကိန်းရာ ပုဂ္ဂိုလ်ကို ညှာတာမဖက်အမြဲနှိပ်စက်တယ်. . . (မှန်ပါဘုရား) သဘောပါကြရဲ့လား . . . (ပါပါတယ်ဘုရား)။

## ကိန်းရာပုဂ္ဂိုလ်ကိုနှိပ်စက်တယ်

အဲ - ကိန်းရာပုဂ္ဂိုလ်ကို ဘာလုပ်ပါလိမ့် . . . (ညှာတာမဖက် အမြဲနှိပ်စက်ပါတယ်ဘုရား)။ ကိုင်း- ဒကာ ဒကာမတို့ လူ နိဗ္ဗာန်မရောက်မီစပ်ကြား လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုတာ ဝေဒနာကွန္ဓာမဟုတ်လားဗျာ . . . (မှန်ပါဘုရား)။

သစ္စာဖွဲ့ကြည့် . . . (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာဖြင့် ဘာလုပ်မလဲလို့ မေးလို့ရှိရင်ဖြင့် "ဒုက္ခသပိဋနဿော"လို့ ဘုရားက ဟောလိုက်ပြန်တယ် . . . (မှန်ပါ)။

ဒုက္ခသ-ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာ၏၊ ပိဋနဿော-သတ္တဝါကိုညှာတာမဖက်အမြဲနှိပ်စက်တတ်သော သဘော

သည်လည်းကောင်း၊ ကိုင်း . . . ကောင်းကြသေးရဲ့လား . . . (မကောင်းပါဘူးဘုရား)။

ဒကာ ဒကာမတွေ ဒီလောက်တောင်တော့ မယောင်ကြပါနဲ့ဆိုတဲ့ဥစ္စာကို ပြင်ပေးမည့်သူမရှိလည်း ကိုဝ ယောင်နေမှာပဲ . . . (မှန်ပါ)။ အခု သေသေချာချာ ဒီနေ့အကွက်စေ့အောင် ဒကာ ဒကာမတွေ နားလည်မှုရှိအောင် သေသေချာချာ ရှင်းပြီးသကာလလာတော့မှ၊ နိဗ္ဗာန်မရမီစပ်ကြားမှာ ဒုက္ခသစ္စာပင်လယ်ဝေပြီးသကာလ၊ သေပွဲအမျိုးမျိုးနဲ့ကြုံရပါလို၏ဆိုတာ ပါသွားတယ် . . . (မှန်ပါ)။ ပါ-မပါစဉ်းစားကြစမ်း (ပါ-ပါတယ်ဘုရား)။

## အမတကနိရောဓသစ္စာ

ဒါ-ဘာမသိတာတုံးဆိုတော့ ခုနက အမတဆိုတဲ့ နိရောဓသစ္စာလည်း မသိဘူး . . . (မှန်ပါ)။ အမတ-က ဘာသစ္စာတုံး . . . (နိရောဓသစ္စာပါဘုရား)။

"အမတ ဂါမိ မဂ္ဂေါ" တဲ့ ဒကာ ဒကာမတို့ နိဗ္ဗာန်သွားတဲ့လမ်းဆိုတာ မဂ္ဂင်ရှစ်ပါး . . . (မှန်ပါ)။ မဂ္ဂသစ္စာ . . . (မှန်ပါ)။ သိသေးရဲ့လား . . . (မသိပါဘူးဘုရား)။ မသေရာ နိဗ္ဗာန်ကော . . . (မသိပါဘူးဘုရား)။

ဒါဖြင့် နိရောဓသစ္စာလည်း မသိဘူးပေါ့ . . . (မှန်ပါ) မဂ္ဂသစ္စာကော . . . (မသိပါဘူးဘုရား)။ ဩော်-ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့ ဒုက္ခသစ္စာမှလည်း ဒုက္ခသစ္စာမှန်းမသိ၊ နိရောဓသစ္စာလည်းမသိ၊ မဂ္ဂသစ္စာလည်း မသိဆိုတော့ တဏှာနဲ့ ဆုတောင်းဒုက္ခဝေဒနာ့ရ . . . (မှန်ပါ)။

## ဉာဏ်နဲ့စဉ်းစားပါ

သေလိုက်၊ ဒုက္ခဝေဒနာသတ်လို့ . . . (မှန်ပါ)၊ ဒီပဲ မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။ ဉာဏ်နဲ့ စဉ်းစားပါ၊ ဉာဏ်နဲ့စဉ်းစားပါ ဒကာ ဒကာမတို့၊ သေသေ ချာချာ တွေးကြည့်တော့မှ၊ ဩော်-အရုပ်ဆိုး အကျည်းတန်တဲ့ အထဲမှာဖြင့် ဒို့ဟာဖြင့် မသိမလိမ္မာမှုမှာဖြင့် တကယ့်စုံလုံးကန်း ဆိုတဲ့ အဓိပ္ပါယ်ဟာ အသေအချာရှင်းတယ် . . . (ရှင်းပါတယ် ဘုရား)။ မရှင်းကြဘူးလား . . . (ရှင်းပါတယ်ဘုရား)။

အားကြီးအရုပ်ဆိုးပါလား ဒကာ ဒကာမတို့၊ ဆရာ ကောင်း၊ သမားကောင်းနဲ့ မတွေ့ပြီဆိုမှဖြင့်၊ အဆိုးမှာဖြင့် တန်းကုန်တော့တာပဲဆိုတာဖြင့် ငြင်းစရာမရှိအောင်ဘဲ မှန်နေ တော့တယ်ဆိုတာဖြင့် ငြင်းလည်းလွဲရုံပဲရှိကြတော့မယ် . . . (မှန်ပါဘုရား)။

မောင်နိုင် ဒီသစ္စာနှစ်ပါး မသိဘူးကွ . . . (မှန်ပါ)။ နိရောဓသစ္စာရယ် . . . (မဂ္ဂသစ္စာပါဘုရား)။ နိရောဓသစ္စာက မသေရာမဟုတ်လားဗျာ . . . (မှန်ပါ)။ အမတ လို့ ဘုရားက ဟောထားတယ်။

## မဂ္ဂင်ရှစ်ပါးက မသေရာသွားတဲ့လမ်း

မဂ္ဂင်ရှစ်ပါးက မသေရာသွားတဲ့လမ်းလို့ ဘုရားက ဟောမထားဘူးလား . . . (ဟောထားပါတယ်ဘုရား)။ အဲ့ဒါတွေ ဟောထားပါရဲ့သားနဲ့၊ နိဗ္ဗာန်မရမီစပ်ကြား လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ အကြိမ်ကြိမ် ခံစား၍ ဆိုတော့၊ ခံစားဆိုတာ ဝေဒနာကို ဆုတောင်းတာ . . . (မှန်ပါ)။ သဘောကျပလား (ကျပါတယ်ဘုရား)။

ဝေဒနာဘာသစ္စာဖွဲ့ကြမလဲ . . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခ သစ္စာဖြင့် ဒကာ ဒကာမတို့ ကိန်းရာပုဂ္ဂိုလ်ကို ညှာတာမှုဖက် အမြဲနှိပ်စက်တော့မယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်မရောက်မီစပ်ကြား အဖန်ဖန် ဒုက္ခရောက်ပြီးသကာလ၊ အဖန်ဖန်ပဲဘုရား တပည့်တော်တို့ သေရပါလို၏. . . (မှန်ပါ) သေချာရောက်သွားတယ် . . . (ရောက်ပါတယ်ဘုရား)။ နာလိုက်တဲ့ဖြစ်ခြင်း ဒကာ ဒကာမတို့၊ ကဲကိုဝနာပုံသိပြီလား. . . (သိပါပြီဘုရား)။

သို့သော် ခင်ဗျားပါးစပ်ထဲထည့်နေတာဟာ မသိလို့ထည့်နေတာကိုးလို့ ဆိုထိုက်မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)။

## ယောသကနဲ့တူနေပြီ

အဲဒါ ခင်ဗျားတို့ ဘယ့်နှယ်ဖြစ်နေတုံးလို့မေးတဲ့အခါကျတော့၊ ဟိုယောသကတို့နဲ့ တူနေပြီ။

ယောသကသည်ကားလို့ဆိုရင် သူ့ကို သူဌေးက မွေးစား ထားတယ်၊ နောက် သူဌေးမှာ သူ့ရင်သွေး သားလေး တစ်ယောက်ရတဲ့အခါ ယောသကကို သတ်ချင်တယ်။

အမျိုးမျိုးသော သတ်လို့မရတာနဲ့ သူ့သူငယ်ချင်း သူဌေးဆီကို ယောသကလာလို့ရှိရင် သတ်ပါဆိုတဲ့ စာလေးသူ့ပဲ အပေးခိုင်းလိုက်တယ်. . . (မှန်ပါဘုရား)။

## သူ့ကိုသတ်ဖို့စာ၊ သွားပေးတယ်

အဲဒီစာကလေးကိုပဲ တရိုတသေသူကသွားပြီး သကာလ၊ သူ့သတ်ဖို့စာကိုပဲ သူသွားပေးလိုက်တယ်၊ ဟိုက မိတ်ဆွေ သူဌေးသမီးက ဩော်. . . မသိရှာဘူး၊ မသိရှာဘူးဆိုပြီး သကာလ ဒီစာကို ပြောင်းပြန်ပြန်ရေးတော့မှပဲ သူချမ်းသာခြင်းရတယ် . . . (မှန်ပါ)။

ကျုပ်တို့ ခင်ဗျားတို့သည် ယောသက ဇာတ်ထုပ်သွား လို လုပ်သွားနေတာ. . . (မှန်ပါ)။

ကိုယ့်သတ်ဖို့စာကို ကိုယ်ကလက်ဆောင်အဖြစ်နဲ့ ပေးခိုင်းလိုက်လို့ သွားပေးတော့၊ ဒီစာထဲအလို ဟိုကသာ သမုဒယမရှိရင် ဒီယောသ်က သေဖို့ပဲ. . . (မှန်ပါ)။ သဘော ကျရဲ့လား. . . (ကျပါတယ်ဘုရား)။

## ရောက်ရင်သတ်ပါဆိုတဲ့စာမျိုး

အဲဒါ ခင်ဗျားတို့ နိဗ္ဗာန်မရောက်မီ စပ်ကြား လူချမ်း သာ၊နတ်ချမ်းသာ အကြိမ်ကြိမ်ခံစာပြီး၊ ပါးစပ်ထဲမှာ ထည့်ပြီး တောင်းတဲ့ အဓိပ္ပါယ်သည်၊ ယောသက ရောက်ရင်သတ်ပါ ဆိုတဲ့ စာကလေးလို ခင်ဗျားတို့ပါးစပ်ထဲ ထည့်ယူသွားတာနဲ့ တူလိုက်တဲ့ ဖြစ်ခြင်း. . . (မှန်ပါဘုရား) သဘောပါပြီလား. . . (ပါပါ တယ်ဘုရား)။

အရုပ်ဆိုးအောင် ပြောတာမဟုတ်ပါဘူး. . . (မှန်ပါ)။ ဖြစ်ထွေ တူနေတာကို ပြောတာပါ. . . (မှန်ပါ) ဖြစ်ပုံက ဘယ့်နှယ်နေတုံး . . . (တူပါတယ်ဘုရား) သဘောပါကြလား . . . (ပါပါတယ်ဘုရား)။

အမလေး! ဒကာ ဒကာမတို့ တော်တော်အရေးကြီး တာပါလား. . . (ကြီးပါတယ်ဘုရား)။ မောင်နိုင် အရေးကြီးပုံ

သိပြီလား . . . (သိပါပြီဘုရား)၊ ကိုမြင့်တို့ကော . . . (သိပါပြီ ဘုရား)။

## မသိလို့လုပ်မိပါတယ်

အားလုံး ဒကာ ဒကာမတွေ ကြည့်စမ်း၊ တပည့်တော်တို့ ဘုရား ဘယ်လိုကြောင့်တောင်းဖြစ်ပါလိမ့်မတုံးဆိုတာလည်း စဉ်းစားမိကြရဲ့လား . . . (မစဉ်းစားမိပါဘုရား)။ နိဗ္ဗာန်လည်း မရောက်သေးဘူး၊ မရောက်သေးလို့ရှိရင်လည်း ကြားဆင်းရဲ မနေမှာစိုးသောကြောင့် ဆင်းရဲပဲ ပြန်ထည့်လိုက်တယ် . . . (မှန်ပါ)။

ကြားဘာတုံး . . . (ဆင်းရဲပဲပြန်ထည့်ပါတယ်ဘုရား) ဆင်းရဲ မနေမှာစိုးတာနဲ့ ဘာလုပ်လိုက်တုံး . . . (ဆင်းရဲ ပြန်ထည့် ပါတယ်ဘုရား)။

အံမလေး! ဒကာ ဒကာမတွေ နစ်နာလှချည်လားလို့ ဆိုလို့ရှိရင် ခင်ဗျားတို့ တာဝန်ခံကြရလိမ့်မယ် . . . (မှန်ပါ ဘုရား)။ နစ်နာတဲ့အလုပ်လုပ်မိပါသလားလို့ မေးလို့ရှိရင်လည်း မသိလို့လုပ်မိပါတယ်ဘုရား . . . (မှန်ပါ) ဆိုထိုက် မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

## စာမတတ်လို့ 'အ' တယ်

မသိလို့လုပ်ပါတယ်ဆိုကတည်းက ခုနက ယောသက စာကလေး ပုဆိုးစွန်းထုပ်ပြီးသကာလ ဟိုသွားပေးတာနဲ့တူကြလား မတူလား (တူပါတယ်ဘုရား) သဘောပါကြပြီလား. . . (ပါပါတယ်ဘုရား)။

အဲတော့ ယောသက က စာမတတ်လို့ အ,တယ်၊ ခင်ဗျားတို့က သစ္စာမသိလို့ န, တယ် . . . (မှန်ပါ) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## သစ္စာမသိလို့ 'န' တယ်

ယောသက က စာမတတ်လို့ အ,တယ်၊ ခင်ဗျားတို့က သစ္စာမသိလို့ န,တယ်၊ တယ်မထူးပါဘူး အ-တာနဲ့ န-တာနဲ့ . . . (မှန်ပါ)။ ထူးသေးရဲ့လား . . . (မထူးပါဘူးဘုရား)၊ ကိုဝ ပေါ်ပြီလား . . . (မှန်ပါ)။

ဒါမနသေးဘူးဆိုလို့ရှိရင်ဖြင့်၊ ခင်ဗျားတို့ အင်း-မိုက် လက်စ မသတ်သေးဘူးဆိုတဲ့အဓိပ္ပါယ်ထဲကို မိမိပါဝင်သွားတယ် . . . (မှန်ပါ)။ ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

တယ်လည်း ကြောက်စရာကောင်းပါလား ကိုဝတို့. . . (မှန်ပါ)၊ လောကကြီးထဲ မရှိတာထက် မသိတာခက်ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

ဒကာ ဒကာမတို့ ဘယ်သူ့ထက် ဘယ်သူခက်ပါလိမ့် (မရှိတာထက် မသိတာခက်ပါတယ်ဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## နိဗ္ဗာန်မရမီဝေဒနာဆုတောင်းတာ

နိဗ္ဗာန်မရမီစပ်ကြားဆိုတာ မောင်နိုင်' ဝေဒနာ ဆုတောင်းတာလို့ ဘုန်းကြီးပြောတယ် . . . (မှန်ပါ)။ လူချမ်း သာဆိုတဲ့ ချမ်းသာဟာ သုခဝေဒနာမဟုတ်လား . . . (မှန်ပါ)။

နတ်ချမ်းသာဆိုတော့ . . . (သုခဝေဒနာပါဘုရား)။ အဲ-သုခဝေဒနာ၊ ဗြဟ္မာချမ်းသာဆိုတော့ . . . (သုခဝေဒနာ ပါဘုရား)၊ သုခဝေဒနာပါလို့ရှိရင် ဝေဒနာက္ခန္ဓာပဲ ဒုက္ခဝေဒနာ ပဲ လာရမယ် . . . (မှန်ပါ)။

ဥပေက္ခာဝေဒနာကော . . . (လာရမှာပါဘုရား)၊ လာရမှာဖြစ်တော့ ဝေဒနာသုံးပါးဟာ သူ့သတ်ယောက်ျားများ ဟုတ်ကြရဲ့လား . . . (ဟုတ်ပါတယ်ဘုရား)၊ သဘောကျရဲ့ လား . . . (ကျပါတယ်ဘုရား)။

## အဖန်ဖန်သေပွဲဝင်ရပါလို၏

ဒါဖြင့် နိဗ္ဗာန်မရမီစပ်ကြားမှာ ဒီဝေဒနာတွေက သတ် ချင်သလိုသတ်ပြီး သကာလ၊ တပည့်တော်တို့ဘုရား အဖန်ဖန်

သေပွဲဝင်ရပါလို၏ဆိုတော့၊ အကြိမ်ကြိမ်ဖြစ်ရပါလို၏နဲ့ အဖန်ဖန်သေပွဲဝင်ရပါလို၏ ဆိုတာနဲ့ ထူးခြားသေးသလား . . . (မထူးခြားပါဘူးဘုရား)။

တယ်လည်း ခင်ဗျားတို့ဟာ လွန်လွန်းအောင် ဆိုးနေပြီလို့ အပြစ်တင်လို့ရှိရင်လည်း၊ ဩော် . . . တပည့်တော်တို့ မသိတာကတော့ ဘုရားလွန်နေပါပေါ့လား . . . (မှန်ပါ)၊ ကိုပေါ် ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

## သစ္စာနှစ်ပါးကွယ်နေတယ်

ဘာမသိတာတုံးလို့ လက်သည်ရှာကြ၊ ဟောဒီ-အမတ မသိတာ . . . (မှန်ပါ)။ နိရောဓသစ္စာကို (မသိတာပါဘုရား)။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂသစ္စာကို . . . (မသိတာပါဘုရား)။ ဟောဒီသစ္စာနှစ်ပါးကွယ်နေတယ် . . . (မှန်ပါ)၊ ဒီသစ္စာနှစ်ပါး အသေအချာကွယ်ပါတယ် ဒကာ ဒကာမတို့ . . . (မှန်ပါ) သဘောပါရဲ့လား . . . (ပါပါတယ်ဘုရား)။

တယ်လည်းဆိုးဝါးနေပါလား . . . (ဆိုးပါတယ်ဘုရား)။ ဒကာ ဒကာမတွေ ဒါဖြင့် ဘုန်းကြီးများ ခုပြောဆိုပြီး သကာလ နေတဲ့ဥစ္စာ ကိုဝ ငြင်းစရာလည်းမရှိဘူး၊ မှန်နေတာလည်း လွန်လို့ . . . (မှန်ပါ)။

ကိုယ့် မှားချက်ကြီးကလည်း သန်လိုက်တာလည်းပြော စရာမရှိဘူး . . . (မှန်ပါ)၊ ဒီ အခိပ္ပါယ်ရောက်နေပြီ . . . (ရောက်ပါတယ်ဘုရား)။

## ထွက်ရပ်လမ်းသစ္စာမသိတာ

ကိုင်း-ဒါ ဘာမသိတာတုံးဆိုတော့ ထွက်ရပ်သစ္စာ၊ ထွက်ရပ်လမ်း ဝိဝဋ္ဋသစ္စာနှစ်ခု မသိမှု . . . (မှန်ပါ)။ ဒီဘက် က ဘာသစ္စာပါလိမ့်မတုံး . . . (နိရောဓသစ္စာပါဘုရား)။ ဒီဘက်ကဘာတုံး . . . (မဂ္ဂသစ္စာပါဘုရား)၊ အဲဒါ မသိဘူး။

မသိတော့ သူသည် တစ်ခါဒုက္ခသစ္စာ သူသိပါသလား ဆိုတော့၊ ဒုက္ခသစ္စာ မသိလို့ ဝေဒနာတွေတောင်းယူတာ . . . (မှန်ပါ) ဒုက္ခသစ္စာမသိလို့ ဘာတွေတောင်းယူသတုံး . . . (ဝေဒနာတွေတောင်းယူပါတယ်ဘုရား)။

ကဲ - ဝေဒနာတွေတောင်းတော့ ဝေဒနာ အသာထား စမ်းပါဦး၊ တောင်းတာဘယ်သူတုံးလို့ မေးပြန်တော့ တဏှာ၊ တောင်းတာက . . . (တဏှာပါဘုရား)။ ရတာက သူသတ် သမား . . . (မှန်ပါ)၊ သူသတ်ယောကျ်ား။

တောင်းတာက . . . (တဏှာပါဘုရား)၊ ရတာက. . (သူသတ်ယောကျ်ားပါဘုရား)။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပြန် ရတယ် (မှန်ပါ)၊ သမုဒယသစ္စာနဲ့တောင်း၊ ဒုက္ခသစ္စာဟူသော သူသတ်ယောကျ်ားမရဘူးလား . . . (ရပါတယ်ဘုရား)။

ကဲ ကိုဝ ဆိုးပုံပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။ ကိုင်း သစ္စာလေးပါးမှာလေးပါးစလုံးမသိပုံ . . . (မှန်ပါ)။ ဘယ့်နှယ်တုံး . . . ဒကာ ဒကာမတွေ . . . (သစ္စာလေးပါး စလုံး မသိတာပါဘုရား)၊ တယ်နာချက်ဆိုးပါလား . . . (ဆိုးပါတယ်ဘုရား)၊ မဆိုးဝါးဘူးလား . . . (ဆိုးပါတယ် ဘုရား)။

## တစ်ဆင့်ကြားစကားလမ်းဆုံးတယ်

အဲဒီတော့ ခုလို နက်နက်နဲနဲနဲ့ ထိုးထိုးထွင်းထွင်းနဲ့၊ ဒီလိုပါဠိတော်ကြီးတွေကို ခင်ဗျားတို့ ဆရာကောင်းသမား ကောင်း မကြုံပြီဆိုမှဖြင့် ပြောမည့်သူကမရှိ၊ ဆုံးမမည့်သူမရှိ တော့၊ ကိုင်း - ဒို့အမေမိဘလည်း ဒီအတိုင်းတောင်းတာပဲ၊ ဒို့လည်း ဒီလို တောင်းမှပဲ၊ ဒို့အမေမိဘလည်းသေပြီ၊ ဒို့လည်း ဒီလိုပဲသေဖို့ပဲ ဆိုတာနဲ့လည်း၊ ဒကာ ဒကာမတို့ တစ်ဆင့်ကြား စကားမှာ လမ်းဆုံးမသွားဘူးလား . . . (သွားပါတယ်ဘုရား)။

တစ်ဆင့်ကြားဆိုတာ တစ်ခါတည်း အဆက်အဆက် လာခဲ့တဲ့စကားတွေပေါ့ဗျာ . . . (မှန်ပါဘုရား)။ အမှန်တော့ ကျပါရဲ့လား . . . (မကျပါဘူးဘုရား)၊ တယ်နာချက်ဆိုးပါ လား . . . (ဆိုးပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ပြောကြပါစို့တဲ့ အမတလို့ အမတ-ဆိုတာ မသေရာနိဗ္ဗာန် . . . (မှန်ပါ)။ "အမတ ဂါမိ မဂ္ဂေါ" ဆိုတာ မဂ္ဂသစ္စာ၊ မဂ္ဂင်ရှစ်ပါး. . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## ဘယ်လမ်းကသွားရမှာတုံး

ဘယ်လမ်းကသွားရမှာတုံး မေးမနေနဲ့၊ မဂ္ဂင်ရှစ်ပါး အလုပ်လုပ်လို့ရှိရင် ဒီလမ်းသွားနေတာသာမှတ်ပေတော့ . . . (မှန်ပါ)။ မဂ္ဂင်ရှစ်ပါးအလုပ်လုပ်လို့ရှိရင် . . . (ဒီလမ်းသွားနေ တာပါဘုရား)။

ဘယ်လမ်းသွားနေတာပါလိမ့်မတုံး . . . (မသေရာ လမ်းပါဘုရား)၊ မသေရာအမှန်ပြည် နိဗ္ဗာန်သွားနေတယ်ဆို တာဖြင့် လေးလေးနက်နက်ပဲ မှတ်ပါတော့ . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ကိုင်း . . . ဒါဖြင့် ဒီလိုသွားချင်လို့ရှိရင် ဘုရား၊ မဂ္ဂင် ရှစ်ပါးလမ်းတော့သိပါပြီ၊ မဂ္ဂင်ရှစ်ပါးဝမ်းထဲရောက်အောင် တပည့်တော်တို့ဘာလုပ်ရမှာတုံးဘုရား၊ ဒီအတိုင်းပဲ မဂ္ဂင်ရှစ်ပါး က မင်္ဂရရပါလို၏ ဆိုလို့လည်း ဝမ်းထဲသူက ရောက်လာတာ မဟုတ်ဘူး . . . (မှန်ပါဘုရား)။

## ဆုတောင်းလို့ရောက်တဲ့တရားမျိုးမဟုတ်ဘူး

ရောက်ပါ့မလား . . . (မရောက်ပါဘုရား)၊ မင်္ဂရရပါလို၏။ ဖိုလ်ရရပါလို၏ဆိုလို့လည်း သူကရောက်တဲ့တရားမျိုးလား . . . (မဟုတ်ပါဘူးဘုရား)။

ဒါဖြင့် ပွားများမှ ရောက်မည့်တရားပေါ့ဗျာ . . . (မှန်ပါ)၊ ဘယ့်နှယ်ဆိုကြမယ် . . . (ပွားများမှ ရောက်မှာပါဘုရား)၊ ပွားများမှ ရောက်မယ့် တရားဆိုတာ သေချာကြပြီ (သေချာပါပြီဘုရား)။

## ဒုက္ခသစ္စာကိုမဂ္ဂသစ္စာနဲ့ပွားပါ

ဘာကိုပွားများရမှာတုံးလို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရား)။ အဲတော့ကွာတဲ့ ပွားများရမယ့်တရား၊ ဘာပွားများရမတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ပွားများ. . . (မှန်ပါ)။

ဒုက္ခသစ္စာကို . . . (မဂ္ဂသစ္စာနဲ့ပွားများရမှာပါဘုရား) ကိုင်း ဒကာ ဒကာမတို့ ပေါ်လာပါပြီ . . . (မှန်ပါ)၊ ဒုက္ခသစ္စာကို . . . (မဂ္ဂသစ္စာနဲ့ပွားများရမှာပါဘုရား)။

အဲ. . . ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ပွားများလိုက်တော့ ကိုး၊ မဂ္ဂသစ္စာတည်းဟူသော တရားကဝမ်းထဲက၊ ဒုက္ခသစ္စာက အပြင်ဘက်ကပဲထားလိုက်ပါတော့၊ အဲ. . . ပြင်ဘက်က ဒုက္ခ

သစ္စာကို ဝမ်းထဲက မဂ္ဂသစ္စာနဲ့ပွားများလိုက်ပြီဆိုမှဖြင့်၊ အင်း 'အမတဂါမိ မဂ္ဂေါ" ဆိုတာ မဂ္ဂင်ဟာ ဝမ်းထဲ ရောက်လာတယ် (ရောက်ပါတယ်ဘုရား)။

## မဂ္ဂင်ဝမ်းထဲရောက်ရင်စိတ်အေးရပြီ

အဲ. . . ဝမ်းထဲရောက်လာတဲ့အခါကျတော့၊ ဪ-လမ်းမတော်ပေါ်ရောက်ပြီဟ! လို့ ယောဂီပုဂ္ဂိုလ်တွေက မဆိုနိုင်ကြဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဥစ္စာ ဒီလမ်းထဲက "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဘိက္ခဝေ-ရဟန်းတို့၊ အယံမဂ္ဂေါ-ဤမဂ္ဂင် လမ်းမတော်ကြီးသည်၊ ကောယနော - တစ်ဖြောင့်တည်းနဲ့၊ တစ်ကြောင်းတည်းနဲ့ မသေရာရောက်၏လို့ ဟောထားတော့၊ ဪ. . . သူဝမ်းထဲရောက်ရင် စိတ်အေးရပေါ့လို့ မှတ်လိုက် (မှန်ပါဘုရား)။

## မဂ္ဂသစ္စာနဲ့ပွားများပါ

သူ ဝမ်းထဲရောက်ရင် . . . (စိတ်အေးရပါပြီဘုရား)၊ မဂ္ဂင်လမ်းမတော်ပေါ်ရောက်တဲ့အတွက် စိတ်အေးရပြီတဲ့၊ နိဗ္ဗာန်မှတစ်ပါးသူကလည်း ဘယ်မှ ကွေ့ကောက်လျှောက်နေတဲ့ သဘောသတ္တိမရှိပါဘူး . . . (မှန်ပါ)၊ သဘောကျရဲ့လား (ကျပါတယ်ဘုရား)။

ကွေ့ကောက်လျှောက်နေတဲ့ သဘောသတ္တိ. . . (မရှိပါဘူးဘုရား)၊ မရှိပါဘူးဆိုသဖြင့် ဒကာ ဒကာမတို့ ဒီအလုပ်ဟာ လုပ်ဖို့ပဲ၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ပွားများတဲ့အလုပ်လုပ်ရလိမ့်မယ် . . . (မှန်ပါဘုရား)၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

## တရားကဆောင်သွားလိမ့်မယ်

ကောင်းပြီ. . . ဒါဖြင့် ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ပွားများမှသာလျှင်၊ ဒကာ ဒကာမတို့သည်ကားလို့ဆိုရင် မဂ္ဂသစ္စာလမ်းမတော်ကြီး၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဆိုတဲ့ မဂ္ဂင်ရှစ်ပါးဝမ်းထဲမှာ ကေန်ရောက်တော့မယ်ဆိုတာ သိတော့မှ၊ သူရောက်လို့ရှိရင် နိဗ္ဗာန်ရောက်ရပါလို၏လို့ဆုမတောင်းနဲ့ "ဓါရေတီတိ ဓမ္မော" ဆိုတဲ့အတိုင်း သူကဆောင်ပို့ပြီးသကာလ၊ ဒီလမ်းပေါ်တက်မိလို့ရှိရင် ဒီလမ်းကပဲ တစ်ခါတည်း နိဗ္ဗာန်အရောက်သွားတော့တယ်၊ ဆိုက်တော့တယ်ဆိုတာ ကိုဝတို့၊ မောင်နိုင်တို့၊ ကိုမြင့်တို့ မှတ်ဖို့ပေါ့ဗျာ . . . (မှန်ပါ) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## မဂ္ဂသစ္စာပိုင်အောင်ဘာလုပ်ကြမလဲ

ဒါဖြင့် မဂ္ဂသစ္စာပိုင်အောင် ဘာလုပ်ကြမလဲလို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရား)။ အင်း-ဒုက္ခသစ္စာကို

မင်္ဂနဲ့ပွားရလိမ့်မယ် . . . (မှန်ပါဘုရား)၊ မပွားရင်တော့ . . . (မရပါဘူးဘုရား)။ မရနိုင်ဘူးဆိုတာ သေချာကြပြီလား . . . (သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့်၊ ဒါက သံယုတ်ပါဠိတော်နော် . . .၊ အခု ပြောတဲ့ဥစ္စာက သံယုတ်ပါဠိတော်မှာ လာတာတွေကို ရှင်းပြောနေတာ . . . (မှန်ပါဘုရား)။

ဥဒါန်း ပါဠိတော်က ဘယ်လိုလာသတုံးလို့မေးတဲ့အခါ ကျတော့ "အတ္ထိ ဘိက္ခဝေ နိဗ္ဗာနံ"၊ အတ္ထိဘိက္ခဝေ-ဘိက္ခဝေ-ရဟန်းတို့၊ နိဗ္ဗာနံ - နိဗ္ဗာန်ဆိုတဲ့တရားသည်၊ အတ္ထိ-ရှိ၏။

## ဖြစ်ပြီးပျက်တဲ့သဘောကိုပွားများပါ

နိဗ္ဗာန်ဆိုတဲ့တရားဟာ ရှိနေတာပဲတဲ့ ဒကာ ဒကာမ တွေ၊ မသေရာ နိဗ္ဗာန်ဟာ ဘာတဲ့ . . . (ရှိနေပါတယ်ဘုရား)၊ မသေရာနိဗ္ဗာန်ရှိနေတဲ့ပုဂ္ဂိုလ်ဟာ၊ ဒုက္ခသစ္စာကိုပွားများတော့ ဘယ်လိုပွားများရမှာတုံးလို့မေးလို့ရှိရင်၊ ဒုက္ခသစ္စာဆိုတာကွာတဲ့ တခြားမဟုတ်ပါဘူး၊ ဒုက္ခသစ္စာဆိုတာ ဒကာ ဒကာမတွေ "ဇာတဘူတ" ပါပဲတဲ့၊ ဖြစ်ပြီးပျက်တဲ့သဘောလေးရှိတာပါပဲတဲ့ . . . (မှန်ပါ)။

ဒုက္ခသစ္စာ၏သဘောဟာ ဘာပါလိမ့် . . . (ဖြစ်ပြီး ပျက်တဲ့သဘောလေးပါဘုရား)၊ ဖြစ်ပြီးပျက်တဲ့သဘောလေးရှိ တယ်။

အဲဒီတော့ ဖြစ်ပြီးပျက်တဲ့သဘောလေးကို မင်းတို့သည် ကားလို့ဆိုရင် ပွားများရလိမ့်မယ် . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဘာပွားများရမှာတုံး . . . (ဖြစ်ပြီးပျက်တဲ့သဘောလေးပါဘုရား)၊ ဖြစ်ပြီးပျက်တဲ့ သဘောလေးကို ပွားများလို့ ရှိရင်တဲ့ ငါရှင်းပြမယ်တဲ့၊ ဥဒါန်းပါဠိတော် ဘုရားကိုယ်တော်တိုင်က ဥဒါန်းကျူးခဲ့တယ်နော် . . . (မှန်ပါ)။

## ဉာဏ်သည်ဖြစ်ပျက်ကထွက်ပြီး နိဗ္ဗာန်ရောက်တယ်

ငါဟာတဲ့ ဒီဖြစ်ပျက်ကနေပြီးသကာလ၊ ငါ့ဉာဏ်ဟာတဲ့ ထွက်ပြီးသကာလ နိဗ္ဗာန်ရောက်တယ် . . . (မှန်ပါ)၊ ဖြစ်ပျက်ကထွက်ပြီး နိဗ္ဗာန်ရောက်တယ် . . . (မှန်ပါ)။

ဘုရားဉာဏ်သည်ကားလို့ဆိုရင် ဘယ်ကထွက်ပြီး နိဗ္ဗာန်ရောက်သတုံး . . . (ဖြစ်ပျက်ကထွက်ပြီး နိဗ္ဗာန်ရောက်ပါတယ်ဘုရား) ဖြစ်ပျက်က ထွက်ပြီး နိဗ္ဗာန်ရောက်သွားတယ် . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဖြစ်ပျက်ကနေပြီးထွက်သွားကြတာချည့်ပဲ

အဲတော့ . . . ငါတင်မဟုတ်ပါဘူးကွာတဲ့၊ ဥဒါန်းပါဠိတော်မှာ ဘုရားက ဟောလိုက်ပြန်တယ်၊ ဂဂ်ါဝါဠု-သဲစုမက

ဘုရားတွေ၊ သူ့နောက်လည်း ကုဋေရှစ်ဆယ် ဗိုလ်ခြေတစ်သိန်း တွေ၊ အဲဒီ "ဇာတ ဘူတ" ဆိုတဲ့ဖြစ်ပျက်ကနေပြီးသကာလ ထွက်သွားကြတာချည့်ပဲတဲ့ . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဒီဉာဏ်ထွက်ပါမှမဂ္ဂင်ရှစ်ပါးဖြစ်မှာ

ဘယ်ကနေ ထွက်ပြီးသကာလ မသေရာ အမှန်ပြည် နိဗ္ဗာန်သွားကြပါလိမ့်. . . (ဖြစ်ပျက်ကနေ သွားတာပါဘုရား) အဲ. . . ဖြစ်ပျက်ကနေ ထွက်သွားကြတယ်လို့သေသေချာချာ ဟောပြန်တယ် . . . (မှန်ပါ)။ သဘောကျရဲ့လား. . . (ကျပါ တယ်ဘုရား)။

အင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်ကနေပြီး သကာလ ဒီဉာဏ်ဟာထွက်ပါမှ မဂ္ဂင်ရှစ်ပါးဖြစ်မှာ . . . (မှန်ပါ)၊ ဖြစ်ပျက်ထဲမှာတင် ဒီဉာဏ်နေသေးလို့ရှိရင်ဖြင့် ဝိပဿနာမဂ်လို့မှတ် . . . (မှန်ပါ)။

## ဖြစ်ပျက်မမြင်ရင်ဒီဉာဏ်ထွက်ပြီ

ဖြစ်ပျက်ကထွက်သွားပါပြီဘုရား၊ ဒီဉာဏ်ဟာဖြစ်ပျက် ဖြင့် မမြင်တော့ပါဘူးလို့ဆိုလို့ရှိရင် ဒီဉာဏ်ဖြစ်ပျက်ကထွက် ပြီ . . . (မှန်ပါ)။

ထွက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အမတ-ဆိုတဲ့နေရာဌာနရောက်ပြီ . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဖြစ်ပျက်ထဲမှာတင် ရှုပွားနေရသေးလို့ရှိရင်ဖြင့် ဒကာဒကာမတို့ မှတ်လိုက်၊ မဂ္ဂင်မပြည့်စုံသေးတဲ့အတွက် လမ်းငယ်ကလေးရောက်စ၊ လမ်းမကြီးရောက်ဖို့ရာလမ်းမြောင်ကလေးတက်မိရုံရှိသေးတယ်လို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ)။

ရှစ်ပါးရှိတဲ့လမ်းမကြီးတက်ဖို့ရာ မရောက်သေးဘဲနဲ့ လမ်းမြောင်ကလေးသာ ရောက်သေးတယ်လို့မှတ်ပါ. . . (မှန်ပါ)။

ဖြစ်ပျက်မြင်နေတဲ့ပုဂ္ဂိုလ်များ ဘယ်ရောက်သတုံး. . . (လမ်းမြောင်ကလေးပဲရောက်ပါသေးတယ်ဘုရား)၊ ဘယ်သွားတဲ့လမ်းမြောင်ကလေးပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက အမေးထုတ်ခဲ့သည်ရှိသော်၊ ဒီလမ်းမြောင်ကလေးဟာလည်း မညံ့ပါဘူး . . . (မှန်ပါ)၊ လမ်းမကြီးပေါ်ပို့တဲ့လမ်းမြောင်. . . (မှန်ပါ)။

## မဂ္ဂင်ငါးပါးကလမ်းမြောင်

ငါးပါးရှိသေးတာကိုးဗျ . . . (မှန်ပါ)၊ မဂ္ဂင်ငါးပါးက လမ်းမြောင်၊ မဂ္ဂင်ရှစ်ပါးက လမ်းမကြီး၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

မဂ္ဂင်ငါးပါးက . . . (လမ်းမြောင်ပါဘုရား)၊ မဂ္ဂင်ရှစ်ပါးက (လမ်းမကြီးပါဘုရား)၊ လမ်းမြောင်လေးဖြစ်တဲ့ ဖြစ်ပျက်ကို ဒကာ ဒကာမတွေ ဒုက္ခသစ္စာဖြစ်ပျက်ကို ပထမ မဂ္ဂင်ငါးပါးနဲ့ရှုကြ၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## မဂ္ဂင်ငါးပါးနဲ့ရှုပေးပါ

မဂ္ဂင်ငါးပါးနဲ့ ဖြစ်ပျက်ကို ရှုပေးပါတဲ့၊ ရှုပါများလာလို့ တစ်ခါတည်း ဒီလမ်းမြောင်ကလေး ဆုံးအောင်လိုက်သွားပြီ ဆိုမှဖြင့်၊ မဂ္ဂင်ငါးပါးနဲ့ ဖြစ်ပျက်ကလေးရှုလို့ ဖြစ်ပျက်ကလေး ဆုံးခါနီးလာပြီဆိုလို့ရှိရင်၊ တစ်ခါတည်း ဒကာ ဒကာမတို့ မဂ္ဂင်ရှစ်ပါး လမ်းမတော်ပေါ် ရောက်ပါပြီ . . . (မှန်ပါ)။

မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။ ထိုလမ်းမတော်ပေါ် ရောက်တဲ့အခါကျလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတွေက ဘာမှ မစဉ်းစားနဲ့တော့ "ကော ယနော အယံ ဘိက္ခဝေ မဂ္ဂေါ"နဲ့ တစ်ဖြောင့်တည်းနဲ့ပဲ မသေရာအမှန် ပြည်နိဗ္ဗာန်ကို ကေန်မြင်တော့တာပဲ. . . (မှန်ပါ)။ သဘောကျ ရဲ့လား . . . (ကျပါတယ်ဘုရား)၊ ကေန်မြင်တော့တာပဲဆိုတာ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်သွားတဲ့ပုဂ္ဂိုလ်များ ဘယ်လိုပါလိမ့်မတုံးဆိုတာ မဂ္ဂင်ရှစ်ပါး လမ်းကသွားတာ. . . (မှန်ပါ)။

မဂ္ဂင်ရှစ်ပါးလမ်းကသွားတာ သဘောကျလို့ မဂ္ဂင်ရှစ်ပါးကလည်း ဖြုန်းခနဲ ပြည့်တာမျိုးလား၊ ငါးပါးက ရှစ်ပါးပြည့်ရတာလား . . . (ငါးပါးက ရှစ်ပါးပြည့်ရတာပါဘုရား)။

ဒါဖြင့် ငါးပါးနဲ့ ဖြစ်ပျက်ရှုပြီးတော့မှ ရှစ်ပါးကမသေရာကို ပို့တာပဲ . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဝိပဿနာမပါဘဲနဲ့မဂ်မဆိုက်နိုင်

ဒါဖြင့် ဝိပဿနာ မပါဘဲနဲ့ မဂ်မဆိုက်နိုင်ဘူး. . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား) ဝိပဿနာမပါဘဲနဲ့ . . . (မဂ်မဆိုက်နိုင်ပါဘူးဘုရား) သေချာကြပြီလား . . . (သေချာပါပြီဘုရား)။

ဝိပဿနာမပါဘဲနဲ့ . . . (မဂ်မဆိုက်နိုင်ပါဘူးဘုရား)၊ မဂ်မဆိုက်နိုင်ဘူးဆိုတာ ကိုဝ ကောင်းကောင်းကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

## မုန်းညာဏ်ကျအောင်တက်လိုက်

ဝိပဿနာမဂ်က မဂ္ဂင်ဘယ်နှစ်ပါးတုံး . . . (ငါးပါးပါဘုရား)၊ ဟုတ်ပြီ၊ အဲဒီ ငါးပါးက ဖြစ်ပျက်ကို ကျကျနနမြင်ပြီဆိုလို့ရှိရင်ဖြင့်၊ ဖြစ်ပျက်ကို သူသည် ညာဏ်စဉ်အတိုင်းတက်ပြီး

သကာလ ဉဒယ ဘင်္ဂဘယမုန်းဉာဏ် ကျအောင်တက်လိုက်တာပေါ့လေ . . . (မှန်ပါ)။

တက်လိုက်ပြီဆိုမှဖြင့် တစ်ခါတည်း ဒကာ ဒကာမတွေ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့၊ မလိုချင် လွတ်ချင်တဲ့ဉာဏ်ရအောင်တက်လိုက်၊ ဖြစ်ပျက်ခန္ဓာကြီးမှ လွတ်ချင်ပါတယ်ဆိုလို့ရှိရင်၊ ဖျတ်ဆို သူလည်းလွတ်ပြီးသကာလ မဂ္ဂင်ရှစ်ပါးပြည့်တာပဲ . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဖြစ်ပျက်ကထွက်သွားတဲ့ ပုဂ္ဂိုလ်ချည်းပဲ

"သင်္ခါရုပေက္ခာ"ကျအောင် တက်လိုက်ပေါ့ဗျာ . . . (မှန်ပါ)၊ အဲဒီကဲ့သို့တက်တော့ ဂေါ်ဝါဠု - သဲစုမက ဘုရားတွေ၊ အင်း. . . ဖြစ်ပျက်ကထွက်သွားကြတယ်လို့မှတ်ပေတော့. . . (မှန်ပါဘုရား)၊ ဖြစ်ပျက်ကနေပြီး ထွက်သွားတဲ့ပုဂ္ဂိုလ်ချည့်ပဲ. . (မှန်ပါ)။

နို့မဟုတ်လို့ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမတို့ ဒီခန္ဓာကြီးဟာ တစ်ကိုယ်လုံးမှာ ဘယ်လိုပဲကြည့်ကြည့် ဉဒယနဲ့ ဝယပဲရှိတယ်။ ဒီဖြစ်ပျက်ကနေပြီး ထွက်ရမှာပဲဆိုတာဖြင့် သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်သည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့၊ ဝိပဿနာဉာဏ် ရှေ့ပြေးမရှိဘဲနဲ့ မဂ်ဉာဏ်မလာနိုင်ဘူး . . . (မှန်ပါ)။

## ဝိပဿနာဉာဏ်ရှေ့ပြေးရှိမှမဂ်ဉာဏ်လာ

ဝိပဿနာဉာဏ် ရှေ့ပြေးမရှိဘဲနဲ့ (မဂ်ဉာဏ်မလာနိုင်ပါဘူးဘုရား) မဂ်ဉာဏ်မလာနိုင်ဘူးဆိုတာ မယုံရင် ရှုကြည့်ကြ။ ဖြစ်ပျက်တွေ ရှု-ရှု ရှုပြီးသကာလ ဖျတ်ဆို ကိုဂရေ ဖြစ်ပျက်တွေ ပျောက်ထွက်သွားတယ် . . . (မှန်ပါ)။

ပျောက်သွားလို့ရှိရင်ဖြင့် ချက်ချင်းပဲ ဖြစ်ပျက်မရှိတော့ဘူး၊ ဒုက္ခတွေဖြင့် ဆုံးပြီဆိုတာ သူ့ဟာသူ သိလာတယ်. . . (မှန်ပါ)၊ မသိဘူးလား . . . (သိပါတယ်ဘုရား)။

ဒုက္ခဆုံးတယ်ဆိုတော့ ပူတာလည်း ဒုက္ခ၊ နာတာလည်း ဒုက္ခ၊ သေတာလည်း ဒုက္ခတွေ ဒါတွေရှာကို မတွေ့တာ . . . (မှန်ပါ)။

ဩော်. . . ငါတော့ဖြင့် အိုမှု နာမှု ဒုက္ခတွေဖြင့်၊ ဖြစ်ပျက်ဒုက္ခဟာ အကြီးဆုံးဒုက္ခပဲဆိုတာ သိပြီးသကာလ၊ သူရှိလို့ အို၊ သူရှိလို့နာ၊ သူရှိလို့သေ ဆိုတော့ ဖြစ်ပျက်ဆုံးသွားတဲ့ ပုဂ္ဂိုလ်ဟာ၊ ငါ့မှာ ဒုက္ခဟူသ၍ မြူစမှျ မရှိတော့ပါလားလို့၊ သူ့ဉာဏ်ထဲမှာ မထင်ပေဘူးလား . . . (ထင်ပါတယ်ဘုရား)။

## ဒုက္ခမရှိတာနိဗ္ဗာန်

ဒါဖြင့် ဒုက္ခဟူသ၍ မြူစမျှ မရှိပါဘူးဆိုလို့ သူ့ဟာသူ ထင်ပြီးသကာလ လာတော့၊ သူ့သန္တာန်မှာကို နဂိုက ဒုက္ခ ပင်လယ်ဝေနေတာ ဒုက္ခရှာမတွေ့လို့သူပြောတာ ... (မှန်ပါ)၊ မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခရှာမတွေ့တာ ဒုက္ခမရှိတာပဲ ... (မှန်ပါ) ဒုက္ခမရှိတာ နိဗ္ဗာန် ... (မှန်ပါ)၊ မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား)၊ ဒုက္ခမရှိတာကိုပင်လျှင် သိတာ မဂ်ဉာဏ် လို့ဆိုရင်ကော ... (မလွဲပါဘူးဘုရား)။

အဲဒီတော့ ဒုက္ခမရှိတာကဘာတဲ့ ... (မဂ်ဉာဏ်ပါ ဘုရား)၊ ဒုက္ခမရှိတာက နိဗ္ဗာန်၊ ဒါကြီးကို မြင်ပြီးသကာလ နေတာက မဂ်ဉာဏ် ... (မှန်ပါ)။

## နိဗ္ဗာန်သည်ရှိတဲ့တရား

ဒါဖြင့် နိဗ္ဗာန်သည် ကိုဝရေ ရှိတဲ့တရားလား၊ မရှိတဲ့ တရားလား ... (ရှိတဲ့တရားပါဘုရား)၊ ဒါကြောင့် "**အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ**" ဆိုပြီး သကာလ ဥဒါန်းပါဠိတော်မှာ နိဗ္ဗာန်ဆိုတဲ့တရားဟာကွာတဲ့ ဘယ်သူမှ မလုပ်ဘဲနဲ့၊ ဘယ်သူမှ မပြုပြင်ဘဲနဲ့ အသင်္ခတတရား အဖြစ်နဲ့လည်းရှိပါတယ်လို့ ယူလိုက်စမ်းပါ ... (မှန်ပါ)။

နိဗ္ဗာန်ကို ဒကာ ဒကာမတွေ ဖြစ်ပျက်တွေဆုံးသွားတဲ့ ပုဂ္ဂိုလ်၊ နိဗ္ဗာန်ရှိကြောင်းကို သေသေချာချာတွေ့ရတဲ့အခါကျ မှ၊ နိဗ္ဗာန်ဟာ ဘာပစ္စည်းတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် နိဗ္ဗာန်သည် ဒကာ ဒကာမတို့ သေသေချာချာမှတ်ပါတဲ့၊ အာရမ္မဏအဓိပတိပစ္စည်း။

## နိဗ္ဗာန်သည်ဘာပစ္စည်း

နိဗ္ဗာန်သည် ဘာပစ္စည်းတဲ့ . . . (အာရမ္မဏ အဓိပတိ ပစ္စည်းပါဘုရား)၊ မှတ်ထား၊ မှတ်ထား နိဗ္ဗာန်သည် ဘာပစ္စည်း တဲ့ . . . (အာရမ္မဏအဓိပတိပစ္စည်းပါဘုရား)။

အဲတော့ . . . နိဗ္ဗာန်ဟာ အာရမ္မဏအဓိပတိပစ္စည်း ဆိုသဖြင့် အာရုံလည်းဖြစ်တယ် မောင်နိုင်ရေ၊ အဓိပတိလည်း ဖြစ်တယ် . . . (မှန်ပါ)။

အာရုံကော . . . (ဖြစ်ပါတယ်ဘုရား)၊ အဓိပတိကော (ဖြစ်ပါတယ်ဘုရား)၊ အဲဒါ သူ့ကို နိဗ္ဗာန်သည်ကားလို့ဆိုရင် အာရမ္မဏ အဓိပတိပစ္စည်းလို့၊ သေသေချာချာ ဋီကာကျော် ဆရာများလည်းဆိုပြီးသကာလထားသောကြောင့်၊ သူဟာ ဘယ်လိုအာရမ္မဏအဓိပတိပစ္စည်း ဖြစ်ပါလိမ့်မတုံးလို့ "အတ္တနော အနဝဇ္ဇသိမ္ဗိ"၊ အတ္တနော = မိမိသန္တာန်၌၊ အနဝဇ္ဇသိမ္ဗိ = အပြစ် မရှိတဲ့ မဂ္ဂင်ရှစ်ပါးတို့ကို၊ အနဝဇ္ဇ = ဖြစ်တဲ့၊ ကိလေသ

ဉာဏ် မရောမယှက်တဲ့ မဂ္ဂင်ကို သူကနေပြီးသကာလ အာရုံလည်းဖြစ်၊ အဓိပတိလည်းအဖြစ်နဲ့ ကြီးစိုးလိုက်တယ် . . . (မှန်ပါ)။

## အာရုံကော၊ အဓိပတိကောဖြစ်တယ်

သူက မဂ္ဂင်ရှစ်ပါးအပေါ်မှာ အာရမ္မဏ အဓိပတိ အဖြစ်နဲ့ အဓိပတိအဖြစ်နဲ့ ကြီးစိုးလိုက်တယ် . . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)၊ ဩော် . . . မဂ္ဂင်ရှစ်ပါးအပေါ်၌ အာရုံလည်းဖြစ်၍၊ အဓိပတိကော. . . (ဖြစ်ပါတယ်ဘုရား)။

အဲ့ဒါကြောင့် အာရမ္မဏ အဓိပတိပစ္စည်းအဖြစ်နဲ့ ကျေးဇူးပြုတယ်၊ ဘယ်လိုကျေးဇူးပြုသတုံးဆိုတော့ ကိလေသာ နဲ့ နေတဲ့ ပုဂ္ဂိုလ်ကျတော့ သူက အာရမ္မဏ အဓိပတိပစ္စည်း အဖြစ်နဲ့ အာရုံအပြုမခံဘူး . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ကိလေသာမပါမှ အာရုံအပြုခံတယ်

ကိလေသာမပါတဲ့ ပုဂ္ဂိုလ်ကျတော့ . . . (အာရုံ အပြု ခံပါတယ်ဘုရား)၊ အာရုံအပြုခံတယ်၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

အာရမ္မဏ အဓိပတိဆိုတာ ကိလေသာကင်းတဲ့တရား ကိုတော့ သူက အတွေ့ခံတယ် . . . (မှန်ပါ)။ ကိလေသာ မကင်းတဲ့တရားကို . . . (အတွေ့မခံပါဘူးဘုရား)။

ဒါကြောင့် တဏှာ၊ ဆန္ဒတို့နဲ့ တောင်းတာမျိုးကျတော့ နိဗ္ဗာန်က အတွေ့ကို မခံဘူးတဲ့ အသေအချာမှတ်. . . (မှန်ပါ) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## နိဗ္ဗာန်သည်နာမ်တရား

"အတ္တနိ အနဝဇ္ဇာနိ နာမေတီတိ နာမံ" ဆိုတဲ့အတိုင်း၊ အတ္တနိ - မိမိ၌၊ အနဝဇ္ဇာနိ - အပြစ်မရှိတဲ့ မဂ္ဂင်တရားတို့ကို။ နာမေတိ - ညွတ်စေတတ်၏။ ဣတိ-ထို့ကြောင့်၊ နိဗ္ဗာနံ-နိဗ္ဗာန် သည်၊ နာမံ-နာမ်ဖြစ်သည် နိဗ္ဗာန်ဟာ နာမ်တရားကွတဲ့။

အပြစ်မရှိတဲ့ တရားတွေကိုသူက တစ်ခါတည်းသူ့ကို ညွတ်စေပါတယ်ကွာ၊ အပြစ်ရှိတဲ့တရား လောဘနဲ့ မလာခဲ့နဲ့ တဲ့၊ သူက အတွေ့ကိုမခံဘူး . . . (မှန်ပါ)။

ဒေါသနဲ့ဆိုရင် . . . (အတွေ့မခံပါဘူးဘုရား)၊ မောဟနဲ့ ဆိုရင် . . . (အတွေ့မခံပါဘူးဘုရား)။

ဒါကြောင့် "နိဗ္ဗာနံ အာရမ္မဏ အဓိပတိ ပစ္စယတာယ -အတ္တနိအနဝဇ္ဇာနိ နာမေတီတိ နာမံ" လို့ ဋီကာကျော်ဆရာ များ၊ သမ္မော အဋ္ဌကထာ ဆရာများ၊ သေသေချာချာဆိုထား တာ . . . (မှန်ပါ)။

## အပြစ်မရှိတဲ့တရားမှ အတွေ့ခံတယ်

အပြစ်မရှိတဲ့ တရားဆိုရင်ဖြင့် သူအတွေ့ခံတယ် . . (မှန်ပါ)။ အပြစ်ရှိတဲ့၊ ကိလေသာအညစ်အကြေးတရားတွေနဲ့ဆိုရင် . . . (မတွေ့မခံပါဘူးဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အားထုတ်တဲ့အခါကျလို့ရှိရင်ဖြင့်၊ တပည့်တော်ဖြင့် ဒီနေ့ အင်း. . . ဒုက္ခချုပ်တဲ့နိဗ္ဗာန်မရောက်ပါဘူးဘုရားလို့ ဆိုလို့ရှိရင်၊ အပြစ်ရှိတဲ့တရားတွေမို့ဟိုက အတွေ့ကိုမခံဘူး . . . (မှန်ပါ)၊ သဘောပါကြရဲ့လား (ပါ,ပါတယ်ဘုရား)။

အပြစ်ရှိတဲ့တရားတွေမို့ . . . (အတွေ့မခံပါဘူးဘုရား) အင်း . . . လောဘရှုပ်နေလို့၊ ဒေါသရှုပ်နေလို့၊ ဣဿာရှုပ်နေလို့၊ ဝိတက်ရှုပ်နေလို့ဆိုတဲ့ပုဂ္ဂိုလ်မျိုးကျလာပြီဆိုမှဖြင့်၊ ဒီနေ့ဖြင့် ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို တွေ့ကိုမတွေ့နိုင်ဘူးလို့ ကိုဝတို့၊ မောင်နိုင်တို့၊ ကိုမြင့်တို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## ကိလေသာမရောမှ ညွတ်စေနိုင်တယ်

အပြစ်မရှိတဲ့တရားမှ "နိဗ္ဗာနံ အာရမ္မဏ အဓိပတိပစ္စယတာယ"၊ နိဗ္ဗာနံ - နိဗ္ဗာန်သည်။ အာရမ္မဏ အဓိပတိပစ္စယတာယ-အာရမ္မဏအဓိပတိပစ္စည်းဖြစ်လေသော ကြောင့်၊

အတ္တနိ - မိမိ၌ (ဝါ) မိမိတည်းဟူသော၊ အနဝဇ္ဇာနိ- အပြစ်မရှိတဲ့ တရားတို့ကိုသာလျှင် (ဝါ) ကိလေသာမရောတဲ့ တရား၊ နာမေတိ ညွှတ်စေနိုင်တယ် . . . (မှန်ပါ)။

စော်တော် အရေးကြီးပါလား . . . (ကြီးပါတယ် ဘုရား)။ ဒါဖြင့် လောဘ၊ ဒေါသ၊ မောဟတွေ ရှုပ်ပွေလိမ်နေ တဲ့နေ့ဆိုလို့ရှိရင်ဖြင့်၊ တပည့်တော်တို့ ဒုက္ခချုပ်တဲ့နိဗ္ဗာန် မရောက်ပါဘူးဆိုတာ၊ ဩော် . . . လက်မခံတဲ့တရားကိုးဆိုတဲ့ ဥစ္စာ၊ အညစ်အကြေးရှိရင် လက်မခံဘူးဆိုတဲ့ဥစ္စာ နိဗ္ဗာန်က ပြောနေတယ် . . . (မှန်ပါ) သဘောကျပြီလား . . . (ကျပါ တယ်ဘုရား)။

အဲ . . . ဒီစကားလေးတစ်လုံးဟာ ဒကာ ဒကာမတို့ အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် မောင်နိုင်သိပါတယ် (မှန်ပါ)၊ မသိဘူးလား . . . (သိပါတယ်ဘုရား)။

ဒီနေ့ဖြင့် ဒုက္ခချုပ်တဲ့ဆီ တပည့်တော်တို့ဖြင့် မရောက် ပါဘူးဘုရား၊ အင်း ဘာပြုလို့ မရောက်ပါလိမ့်မတုံးဆိုတာ ကိုမြင့်တို့ မောင်နိုင်တို့ ကိုဝတို့ သိပြီလား . . . (သိပါပြီဘုရား)။

## လောဘ၊ ဒေါသ အညွှတ်မခံဘူး

ခုနက လောဘ၊ ဒေါသ၊ မောဟတွေ အပြစ် အနာ အဆာရှိတဲ့တရားတွေကျတော့ သူက အညွှတ်မခံဘူး. . .

(မှန်ပါ)။ ငါ့လာပြီး ဦးမတိုက်လာနဲ့ မရဘူး . . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ငါ့လာပြီး ဦးမတိုက်လာနဲ့တဲ့ . . . (မရပါဘူး)၊ မရပါဘူးတဲ့၊ အပြစ်မရှိတဲ့ မဂ္ဂင်ပေါ်တဲ့နေ့ကျတော့ လာခဲ့ဆိုပြီး သူက လက်ခံတယ် . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဘာမှ စင်းလုံးချော မဂ္ဂသစ္စာဆိုတာ "အကဏှအသုက္ကံ" ဖြစ်နေတော့၊ အင်မတန် ဒကာ ဒကာမတို့ မငြူစူတဲ့ မဂ္ဂင်ဖြစ်ပြီးသကာလ နေတော့၊ ဒါကျတော့ ညွတ်ဟဲ့၊ ညွတ်ဟဲ့လို့ နိဗ္ဗာန်က အာရမ္မဏ အဓိပတိပစ္စည်းအဖြစ်နဲ့ ငါ့ဆီကို၊ ငါ့အာရုံပြုဟဲ့၊ ငါ့အာရုံပြုဟဲ့လို့ သူကခေါ်နေတယ် . . . (မှန်ပါ) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ကိလေသာနဲ့နည်းနည်းမှမဆက်စပ်

ကဲ . . . ဒါဖြင့် နိဗ္ဗာန်သည် ဒကာ ဒကာမတို့ ကိလေသာနဲ့ နည်းနည်းမှ မဆက်စပ်ပါလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။ နိဗ္ဗာန်သည် ဒကာ ဒကာမတို့ ကိလေသာနဲ့ ဘယ့်နှယ်နေတုံး . . . (နည်းနည်းမှ မဆက်စပ်ပါဘုရား)။

ကိလေသာနဲ့ လုံးလုံးမဆက်ဆံဘူး . . . (မှန်ပါ)။ ဒါဖြင့် သူသည် စင်းလုံးချော တရားဆိုရင် လက်ခံတယ်. . .

(မှန်ပါ) သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ကိလေသာ ရောထွေးခဲ့သော် . . . (လက်မခံပါဘူးဘုရား)။ လက်မခံဘူး၊ သူကဘာကြောင့်လည်းဆိုတော့ အာရမ္မဏာအဓိပတိပစ္စည်းဖြစ်နေတယ်တဲ့၊ အပြစ်မရှိတဲ့တရားဆိုရင် သူလက်ခံမယ်တဲ့ . . . (မှန်ပါ)။ အပြစ်ရှိတဲ့တရားဆိုရင် . . . (လက်မခံပါဘူးဘုရား)၊ လက်မခံပါဘူးတဲ့ ဒကာဒကာမတို့။

ယနေ့ ဘာဖြစ်ပါလိမ့်မတုံးလို့ ကိုယ့်ကိုယ်ကိုယ် ဆင်ခြေမလဲနဲ့ . . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ယနေ့တပည့်တော်တို့ . . . ရှုလိုက်တာဘုရား၊ နာရီကိုအတော်ကြာတယ်ဘုရား၊ ခါတိုင်း ရှုနေကျနေရာများ မရောက်ပါဘူးဘုရား၊ ဘယ့်နှယ်များဖြစ်တယ် မပြောတတ်ပါဘူးလို့ ဒီလိုစကားတွေ မသုံးပါနဲ့တော့၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။ ဒီလိုစကားတွေ မသုံးကြနဲ့နော် . . . (မှန်ပါ)။

## အပြစ်ရှိတဲ့တရားမို့လက်မခံ

ယခုသိသွားပြီ မဟုတ်လား. . . (သိပါပြီဘုရား)၊ ဩော်. . . အပြစ်ရှိတဲ့တရားမို့ နိဗ္ဗာန်က လက်မခံဘူး. . . (မှန်ပါ) သဘောပါကြပြီလား . . . (ပါပါတယ်ဘုရား)။

အပြစ်ရှိတဲ့တရားတွေ ဝမ်းထဲမှာရှိနေလို့ နိဗ္ဗာန်က (လက်မခံပါဘူး)။ အပြစ်မရှိတဲ့တရားဆိုရင် . . . (လက်ခံပါတယ်ဘုရား)။ ကဲ . . . ဒါဖြင့် မောင်နိုင်ကောင်းကောင်းပေါ်ပြီ (ပေါ်ပါပြီဘုရား)။ မပေါ်ကြသေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

## ဝမ်းထဲမှာ အပြစ်တရားတွေရှိနေလို့

ဘယ်သူ့ဟောနေတာတုံးလို့ ကိုဝမေးဖို့လိုလာတယ် . . . (မှန်ပါ)။ အလုပ်လက်ရှိသမားတွေမှာ ဒီလို ဘယ့်နှယ်ကြောင့် ဒုက္ခချုပ်တဲ့ဘက် မကူးမသန်းပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ၊ မိမိမှာ အပြစ်ရှိတဲ့တရားတွေရှိနေလို့ ဟိုက လက်ကိုမခံဘူး . . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

အပြစ်မရှိတဲ့ တရားတွေဆိုရင်ဖြင့် . . . (လက်ခံပါတယ်ဘုရား)။ ဒါကြောင့် "နိဗ္ဗာနံ အာရမ္မဏ အဓိပတိ ပစ္စယတာယ အတ္တနိ အနဝဇ္ဇာနိ နာမေတီတိနာမံ" ကွာ၊ နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ အာရမ္မဏ အဓိပတိ ပစ္စယ တာယ-အာရုံလည်းဖြစ်၊ အဓိပတိလည်းဖြစ်လေသောကြောင့်၊ အတ္တနိ-မိမိကို ညွတ်တဲ့တရား၌၊ အနဝဇ္ဇသို့ - အပြစ်ကိုမရှိမှ လက်ခံတယ်. . . (မှန်ပါ)။

အပြစ်မရှိတဲ့တရားသာ သူ့ဘက်အလှည့်ခံမှာတဲ့ . . . (မှန်ပါ)။ အပြစ်ရှိတဲ့တရားတွေဆိုရင် . . . (အလှည့်မခံပါဘူး ဘုရား)။ အလှည့်မခံဘူးဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ဣဿာ၊ မစ္ဆရိယရှိနေလို့

ဒါဖြင့် ဒကာ ဒကာမတို့ ဒီတစ်လုံးနဲ့ပဲ ခင်ဗျားတို့ ပြော်-ဘာဖြစ်လို့ ဒီနေ့ဘာဖြစ်ပါလိမ့်မတုံးဆိုတာ အဖြေထွက်သွားပြီလား . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒုက္ခ-ဒီနေ့ကော ဘာကြောင့် မချုပ်ပါလိမ့်မတုံးဆိုတာ သေချာပြီလား. . . (သေချာပါပြီဘုရား)၊ အင်း. . . ဘယ်လို သေချာပါလိမ့်၊ အပြစ်ရှိတဲ့ကိုယ့်မှာ လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆေရ အစရှိသော မဟုတ်တဲ့ တရားတွေက ဒီထဲမှာ ရှိနေလို့၊ အင်း ဒုက္ခချုပ်ရာ နိဗ္ဗာန်က အာရမ္မဏအဓိပတိ ပစ္စည်းဖြစ်ပြီး၊ ငါ့မညွတ်လာနဲ့ အပြစ်ကင်းတဲ့တရားသာ ငါအညွတ်ခံမယ် . . . (မှန်ပါ)။

## အပြစ်ကင်းမှ ဦးတိုက်ခံမယ်

အပြစ်ကင်းတဲ့တရားသာ ငါ့ဦးတိုက်ခံမယ်ပေါ့လေ . . . (မှန်ပါ)။ အပြစ်မကင်းတဲ့တရားဆိုရင် . . . (ဦးတိုက်မခံပါဘူးဘုရား)။

ဦးတိုက်မခံဘူးဆိုတာ သူတွေ့ဖို့ရာကို အခွင့်ပေးသေးရဲ့လား . . . (မပေးပါဘူးဘုရား) ကဲ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

ဩော် . . . တယ်လည်းခက်တဲ့ မသေရာတရားက သေတတ်တဲ့တရားလက်ခံလို့ တော်ပါ့မလား . . . (မတော်ပါဘူးဘုရား)။ ခုနက လောဘရှိတဲ့ ပုဂ္ဂိုလ်ဟာ အဖန်ဖန် သေရလိမ့်ဦးမယ် (မှန်ပါ)။

ဒေါသရှိတဲ့ ပုဂ္ဂိုလ် . . . (အဖန်ဖန်သေရမှာပါဘုရား) အင်း-ဣဿာ၊ မစ္ဆေရ၊ မာနရှိတဲ့ပုဂ္ဂိုလ် . . . (အဖန်ဖန်သေရဦးမှာပါဘုရား)။ အဲဒီတရားတွေနဲ့ သူ့ဝိပဿနာလုပ်ပြီးသကာလ ကြိုကြား ကြိုကြား ဝင်နေမယ်ဆိုလို့ရှိရင်ဖြင့် အို-ငါက မသေတတ်တဲ့ပစ္စည်း၊ သေရာတရားတွေက ငါ့ဆီလှမ်းမျှော်ပြီး သကာလ မကြည့်နိုင်ပါဘူး၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## သေတတ်တဲ့တရားတွေကိုအကပ်မခံ

သေတတ်တဲ့တရားတွေက သူ့ဆီ ညွတ်လို့၊ ကိုင်းလို့ ရှိုင်းလို့ရရဲ့လား . . . (မရပါဘူးဘုရား)၊ ဒကာ ဒကာမတွေ ကြပ်ကြပ်စဉ်းစားပါ၊ ကြပ်ကြပ်စဉ်းစားပါ၊ ကြပ်ကြပ်စဉ်းစားပြီးမှ နားထောင်တော့မှ၊ ဩော်. . . နိဗ္ဗာန်ဆိုတဲ့တရားသည်ကားလို့ဆိုရင်ဖြင့် မသေရာတရားပါလား၊ မသေရာတရားက သေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေတော့ဖြင့် အနားကို အကပ်မခံဘူး . . . (မှန်ပါ)။

"အတ္တာနိ အနဝဇ္ဇာနိ" အတ္တာနိ - မိမိသန္တာန်၌၊ အနဝဇ္ဇာနိ-အပြစ်ကင်းတဲ့တရားသာလျှင်၊ နာမေတိ - ညွတ်စေမယ်ကွ၊ ငါ့ကို အာရုံပြု၊ ငါ့အာရုံအပြုခံမယ်ကွ၊ အပြစ်ရှိတဲ့ တရားတွေတော့ဖြင့် သေတတ်တဲ့တရားတွေ၊ အသေတွန်းနေတဲ့ တရားတွေတော့ ငါက ငါ့ဆီကိုဦးတိုက်ကိုမခံဘူး၊ အညွတ်ကို မခံဘူးဆိုတော့ သူ့ကိုက ပင်ကိုသဘော. . . (မှန်ပါ)။

နိဗ္ဗာန်၏ သဘောပေါ်လာကြပြီလား . . . (ပေါ်လာပါတယ်ဘုရား)။ အဲဒါကြောင့် ဒကာ ဒကာမတို့ နိဗ္ဗာန်သည်ကားလို့ဆိုရင် အမတဆိုတာ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

မဂ္ဂင်ဖြစ်ရတော့မယ်ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဟိုက တစ်ခါတည်း အတွေ့ခံတယ် . . . (မှန်ပါ)။ မဂ္ဂင် မဖြစ်ခဲ့သော် . . . (အတွေ့မခံပါဘူးဘုရား)။

## နိဗ္ဗာန်သည် လူရွေးတယ်

အတွေ့မခံဘူးဆိုတော့ နိဗ္ဗာန်သည် ဒကာ ဒကာမတို့ လူရွေးတယ်ဆိုတာ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)၊ နိဗ္ဗာန်ဟာ ဘာပါလိမ့် . . . (လူရွေးပါတယ်ဘုရား)။

လူရွေးတယ်တဲ့ ဒကာ ဒကာမတို့၊ အပြစ်ရှိတဲ့လူဆိုရင် လက်မခံဘူး . . . (မှန်ပါ)၊ အပြစ်မရှိတဲ့ ပုဂ္ဂိုလ်ဖြင့် . . . (လက်ခံပါတယ်ဘုရား)၊ လက်ခံပါတယ်ဆိုတော့ ငါဒီနေ့ ဘာဖြစ်ပါလိမ့်မတုံး၊ ရှုလိုက်တာကလည်း အချိန်ကြာလှပြီ၊ ဘယ့်နှယ်ကြောင့် ဖြစ်ပျက်ဒုက္ခတွေ မချုပ်ဘဲနဲ့ နေပါလိမ့်မတုံး ဆိုရင် အို . . . အပြစ်တွေရှိနေလို့ . . . (မှန်ပါ)၊ ကိုဝ ကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

## ကိုယ့်ကိုယ်ကိုယ်ဆုံးဖြတ်နိုင်တဲ့တရား

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့၊ ကိုယ့်ကိုယ်ကိုယ်ဆုံးဖြတ်ချက်ချတဲ့တရားကို ယနေ့ ဟောနေပါတယ် . . . (မှန်ပါ)၊ ဘာဟောနေပါလိမ့် . . . (ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချတဲ့တရားကိုဟောနေတာပါဘုရား)။

ဒီနေ့ ရောက်ပြီးသား နေရာတောင် မရောက်ဘူး၊ မရောက်သေးတဲ့ နေရာကို ဝေးစွ . . . (မှန်ပါ)။ ဘယ့်နှယ် များဖြစ်နေပါလိမ့်မတုံး . . . မာနများတက်နေသလား၊ အင်း- ပယောဂတွေများဝင်နေသလား၊ ဒိပြင်ဟာတွေ ဘာမှ မတွေးနဲ့ . . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ကိုယ့်သန္တာန်မှာ ဘာမဟုတ်တဲ့ ဝိတက်တွေလည်း ဝင်နေလိမ့်မယ် . . . (မှန်ပါ)၊ ဘာမဟုတ်တဲ့ အကြံအစည်တွေ လည်း ဝင်နေလိမ့်မယ် . . . (မှန်ပါ)။ အဲ့ဒါတွေကြောင့် နိဗ္ဗာန် က လက်ခံပါရဲ့လား . . . (လက်မခံပါဘူးဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ဆိုရင် ဒကာ ဒကာမတို့ စင်စင်ကြယ်ကြယ် တရားသည်သာလျှင် သူ့ကို အာရုံအပြုခံ တယ် . . . (မှန်ပါ)။ မစင်ကြယ်တဲ့ တရားသူက အတွေ့ကို မခံဘူး . . . (မှန်ပါ)။

သူက အာရမ္မဏအဓိပတိပစ္စည်းကိုဗျ . . . (မှန်ပါ) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ရှေးဦးစွာဝိပဿနာမဂ်နဲ့ရှင်း

ကဲ - ဒါဖြင့် ဒကာ ဒကာမတို့ လုပ်ကြပါစို့တဲ့၊ ဒီအလုပ် မလုပ်လို့ရှိရင်ဖြင့် မဖြစ်ဘူးဆိုတော့ ရှေးဦးစွာဝိပဿနာမဂ်နဲ့ ရှင်းထား . . . (မှန်ပါ)။

ဒကာ ဒကာမတွေ ရှေးဦးစွာ ဝိပဿနာမဂ်နဲ့ ကိလေသာကို အရင်ရှင်းထားရမယ် . . . (မှန်ပါ)။ ရှေးဦးစွာ ဘာတုံး . . . (ဝိပဿနာမဂ်နဲ့ ကိလေသာကိုအရင်ရှင်းထားရမှာပါဘုရား) ကိလေသာအရင်ရှင်း။

အဲဒီလို ရှင်းပြီးသား သုရှင်းလို့တော်တော် ကိလေသာတွေ အပုံကြီးစုမိပြီဆိုမှဖြင့် မဂ်ကနေပြီး မီးရှို့ပစ်လိုက်တယ် (မှန်ပါ)။ ကိလေသာတွေကို မဂ်က မီးရှို့ပစ်လိုက်တော့၊ ကိလေသာတွေကျန်သေးရဲ့လား . . . (မကျန်ပါဘူးဘုရား)။

ကိလေသာမကျန်တော့ သဘောကျပြီလား . . . (ကျပါတယ်ဘုရား) အဲဒီလို မကျန်တဲ့မဂ်ကိုတော့ အညွှတ်ခံတယ် . . (မှန်ပါ) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ရှင်းတုန်းကိုနိဗ္ဗာန်မတွေ့နိုင်

ဒါဖြင့် ရှင်းတုန်းလင်းတုန်းကိုဖြင့် နိဗ္ဗာန်မတွေ့နိုင်ဘူး (မှန်ပါ)။ သဘောကျရဲ့လား . . (ကျပါတယ်ဘုရား)၊ ရှင်းပြီးလင်းပြီးသားဖြစ်ခဲ့သော် . . . (တွေ့နိုင်ပါတယ်ဘုရား)။

တွေ့နိုင်တယ်ဆိုတော့ ဒါဖြင့် ဝိပဿနာသည် ရှင်းတုန်းလင်းတုန်းလို့မှတ် . . . (မှန်ပါ)။ မဂ်သည် ရှင်းပြီးတဲ့တရားလို့မှတ် . . . (မှန်ပါ)။

## ရှင်းပြီးတဲ့တရားမှ နိဗ္ဗာန်တွေ့မယ်

ကိုင်း. . . ရှင်းပြီးတဲ့တရားမှ နိဗ္ဗာန်တွေ့မယ်. . . (မှန်ပါ)။ ရှင်းနေတဲ့တရားက . . . (မတွေ့နိုင်ပါဘူးဘုရား) မတွေ့နိုင်သေးဘူးဆိုကော့ ဒကာ ဒကာမတို့ ယနေ့ နိဗ္ဗာန်နဲ့ ပတ်သက်ပြီးသကာလ အလုပ်စဉ်ပြရသည် ဖြစ်လေသောကြောင့် ဝမ်းလည်းသာစရာကောင်းပါတယ်၊ ဒါရှင်းတုန်းမို့ နိဗ္ဗာန်မတွေ့တာပဲ . . . (မှန်ပါ)။

ဒါဖြင့် ဘယ်ဟာရှုလိုက် ရှုလိုက်၊ ဒကာ ဒကာမတွေ သန္တာန်မှာ ဖြစ်ပြီးပျက်တာလေးတွေ၊ ဖြစ်ပျက်ကလေးတွေကို တွေ့တွေ့ တွေ့တွေ့နေလို့ရှိရင်ဖြင့်၊ ကိုဝတို့ မောင်နိုင်တို့က ဩော်. . . ဒါ ကိလေသာ ရှင်းတုန်းပါလား မှတ်လိုက်. . . (မှန်ပါ)။

* ဘယ်လိုမှတ်ကြမယ် . . . (ကိလေသာရှင်းတုန်းပါဘုရား)။ ဖြစ်ပျက်တွေတွေ့နေရင် ဘယ်လိုမှတ်ကြမယ်. . . (ကိလေသာရှင်းတုန်းပါဘုရား)။ ကိလေသာရှင်းတုန်းပဲ။

## စုပုံပြီးမှ မဂ်ကာမိးရှိတယ်

ဒါဖြင့် စုပုံတဲ့အခြေအနေရောက်အောင် ပဏ္ဍာသက လည်း စုပုံတဲ့အခြေအနေရောက်အောင် ဥပမာပြတယ်၊ စုပုံတဲ့ အခြေအနေရောက်အောင် ဥပမာပြပြီး၊ စုပုံပြီးတာကို ကိုင်း

အကုန်ရှင်းပြီးပြီ၊ လယ်ထဲမှာဖြင့် အကုန်ရှင်းပြီးပြီ ဘာမှ မရှိတော့ဘူး၊ အလယ်ခေါင် အကုန်ပုံပြီးပြီဆိုပြီး မဂ်ကနေပြီး မီးရှို့လိုက်လို့ရှိရင် ဒီကိလေသာကျန်သေးရဲ့လား . . . (မကျန်ပါဘူးဘုရား)။

အဲ မကျန်တော့ မီးရှို့တတ်တဲ့မဂ်ကိုတော့ နိဗ္ဗာန်က ဒကာ ဒကာမတို့ လာခဲ့ . . . လာခဲ့လို့ ခေါ်ပါတယ် . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

နိဗ္ဗာန်က လာခဲ့ . . . လာခဲ့လို့ မခေါ်ဘူးလား. . . (ခေါ်ပါတယ်ဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်သည်ကားလို့ဆိုလို့ရှိရင်၊ အာရမ္မဏအဓိပတိပစ္စည်းဖြစ်လေသောကြောင့် အပြစ်ရှိတဲ့တရားလက်မခံ . . . (မှန်ပါ)။

## ဝိပဿနာဉာဏ်ကကိလေသာရှင်းတုန်း

ကိလေသာအပြစ်ရှိခဲ့သော် . . . (လက်မခံပါဘူးဘုရား)။ ကိလေသာအပြစ်မရှိခဲ့သော် . . . (လက်ခံပါတယ်ဘုရား)။ လက်ခံတယ်ဆိုတော့ ဝိပဿနာဉာဏ်လောက်ဟာကိလေသာရှင်းတုန်းလင်းတုန်းဖြစ်နေလို့၊ ကိလေသာနဲ့လုံးထွေးနေသေးတဲ့အတွက် လက်မခံသေးဘူး . . . (မှန်ပါ)။

"မဂ်ဉာဏ် အဓိပတိ သီလဗ္ဗတပရာမာသ အပါယဂမနီယ" ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ငါးခု

တွေရှင်းပြီးသားဖြစ်တဲ့ မဂ်ဉာဏ်ကျတော့ နိဗ္ဗာန်က လက်ခံတယ်. . . (မှန်ပါ) သဘောပါပြီလား . . . (ပါပါတယ်ဘုရား)။

## ရှင်းလင်းတဲ့အလုပ်က ဝိပဿနာဉာဏ်

ဒါဖြင့် ဒကာ ဒကာမတို့ အလုပ်လုပ်မှ ၁လျှင်လည်းရှင်းတဲ့အလုပ်လုပ်၊ လက်ခံတဲ့တရားဖြစ်အောင်လုပ် . . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ရှင်းပြီးတဲ့အလုပ်ကမဂ်ဉာဏ်

ကိလေသာရှင်းပြီးတဲ့အလုပ်က . . . (မဂ်ဉာဏ်ပါဘုရား)၊ ကိလေသာရှင်းလင်းတဲ့အလုပ်က . . . (ဝိပဿနာဉာဏ်ပါဘုရား)။ အဲ . . . ကိလေသာရှင်းဆဲအလုပ်က ဝိပဿနာဉာဏ်၊ ရှင်းပြီးတဲ့အလုပ်က . . . (မဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် ရှင်းပြီးတဲ့အလုပ်ဆိုရင် နိဗ္ဗာန်ကလက်ခံတယ် (မှန်ပါ)၊ ရှင်းဆဲအလုပ်ဆိုရင် . . . (လက်မခံသေးပါဘူးဘုရား) ကဲ ကိုဝကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့၊ ရှင်းဆဲအလုပ်သည် သူရှင်းနိုင်သ၍ ရှင်းပြီးလို့ရှိရင် မဂ်က ဒါတွေမီးရှို့ပစ်မယ်ဆိုတာ မသေချာ

ဘူးလား . . . (သေချာပါတယ်ဘုရား)။ မီးနဲ့ရှို့တာဆိုတာ မဂ်နဲ့ပယ်ပစ်တာပဲ . . . (မှန်ပါ)။

ကဲ-ဒါဖြင့် ဒကာ ဒကာမတို့၊ ဩဘ်-ရှင်းဖို့ရာအလုပ် တောင်မှ မလွယ်ဘူးဗျ . . . (မှန်ပါ)။ ရှင်းပြီး မီးရှို့တဲ့တရား လာဖို့ဆိုရင်သာ၍ပင် မဝေးပေဘူးလား . . . (ဝေးပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နည်းပေးလမ်းပြမကောင်းခဲ့ သော် ဘယ်နှယ်ဖြစ်နိုင်ပါ့မလဲ . . . (မဖြစ်နိုင်ပါဘူးဘုရား) ဖြစ်နိုင်စရာအကြောင်းကိုရှိသေးရဲ့လား . . . (မရှိပါဘူး ဘုရား)။

## ပြောင်အောင်လုပ်တာလောကုတ္တရာမဂ်

သေသေချာချာသာ ဘုန်းကြီးတို့ ဒကာ ဒကာမ အရင်း တွေပဲ စဉ်းစားကြပေတော့၊ ကိလေသာရှင်းတာ ဝိပဿနာမဂ် (မှန်ပါ)၊ ကိလေသာပြောင်အောင် လုပ်တာက လောကုတ္တရာ မဂ်၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကိလေသာရှင်းတာက . . . (ဝိပဿနာမဂ်ပါဘုရား) အဲ ကိလေသာကိုရှင်းပြီး ပြောင်အောင်လုပ်နိုင်တာက . . . (လောကုတ္တရာမဂ်ပါဘုရား)။

အဲဒီလောကုတ္တရာမဂ်ဆိုတော့မှ ဒကာ ဒကာမတို့ ဒီမဂ်ကမှ ကဲ... နိဗ္ဗာန်သို့သွားရာလမ်းခရီးဆိုတာကြီးဟာ ချက်ချင်းပေါ်လာတယ် ... (မှန်ပါ)။

ပေါ်လာလို့ရှိရင်ဖြင့် ဒီမဂ်ပေါ်လာလို့ရှိရင် ဒီနိဗ္ဗာန်က လက်ခံတယ် ... (မှန်ပါ)။ သဘောကျရဲ့လား ... (ကျပါတယ်ဘုရား)။ ဒီမဂ်မပေါ်သေးရင် လက်မခံသေးဘူးဆိုတော့၊ ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ်ဟာ တယ်ခြားနားပါလား ... (ခြားနားပါတယ်ဘုရား)။

မခြားနားဘူးလား ... (ခြားနားပါတယ်ဘုရား) ဝိပဿနာမဂ်က ကိလေသာရှင်းဆဲ ... (မှန်ပါ)၊ သဘောကျပြီလား ... (ကျပါတယ်ဘုရား)။

## ဝိပဿနာရှုနေတုန်း နိဗ္ဗာန်မမြင်

မဂ္ဂ - သည်ကားလို့ဆိုရင် ကိလေသာရှင်းပြီး ... (မှန်ပါ) ရှင်းဆဲကို လက်မခံဘူး နိဗ္ဗာန်က ... (မှန်ပါ)။

ဒါကြောင့် ဝိပဿနာရှုနေတုန်း နိဗ္ဗာန်မမြင်ရဘူး... (မှန်ပါ) ဖြစ်ပျက်တွေပဲမြင်နေရသေးတယ် ... (မှန်ပါ) သဘောကျရဲ့လား ... (ကျပါတယ်ဘုရား)။

ဖြစ်ပျက် မဂ်ဆိုတော့ ဘာတွေ့ရတုံး ... (နိဗ္ဗာန်တွေ့ရပါတယ်ဘုရား)။ ဒါဖြင့် ရှင်းဆဲက နိဗ္ဗာန်မတွေ့နိုင်တာ

သည် ကိလေသာနဲ့ သူနဲ့ လုံးထွေးထွေးဖြစ်နေသေးတယ် . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ရှင်းပြီးတဲ့တရားဆိုတော့ သူက မီးရှို့ပစ်လိုက်တော့ ပြာတွေကျကုန်တော့၊ ကိလေသာတွေ ပျောက်ပျက်ကုန်တော့ အဲ ဒီမဂ်ကိုတော့ဖြင့် နိဗ္ဗာန်က ကဲ ငါ့ညွှတ်တော့ဆိုပြီး လက်ခံပါတယ်. . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့သည် ဝိပဿနာမဂ်ရှေ့ပြေးမရှိဘဲနဲ့ လောကုတ္တရာမဂ်မဖြစ်ဘူးဆိုတာ ယနေ့ သေသေချာချာ မှတ်ပါ. . . (မှန်ပါ)။ ဝိပဿနာမဂ်မရှိဘဲနဲ့ . . . (လောကုတ္တရာမဂ်မရှိပါဘုရား)။

## ဖြစ်ပျက်မှမတွေ့ရင်၊ နိဗ္ဗာန်နဲ့ဝေးတယ်

ကိုင်း. . . ဖြစ်ပျက်ကို မမြင်ဘဲနဲ့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို ဘယ်နည်းနဲ့မှ မမြင်နိုင်ဘူး . . . (မှန်ပါ)။

ဒါဖြင့် ဖြစ်ပျက်မှ မတွေ့သေးတဲ့ ပုဂ္ဂိုလ်များ နိဗ္ဗာန်နဲ့ အတော်ဝေးတယ် . . . (ဝေးပါတယ်ဘုရား)၊ မဝေးဘူးလား. . . (ဝေးပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ရှေးဦးစွာ ဘာတွေ့ဖို့ အရေးကြီးပါလိမ့် . . . (ဖြစ်ပျက်တွေ့ဖို့ပါဘုရား)၊ အဲ. . . ဖြစ်ပျက်

တည်းဟူသော လမ်းမြောင်ကလေးကို အရင်တက်မိဖို့ အရေးကြီးပါတယ် . . . (မှန်ပါ)။

ပြီးတော့မှ ဖြစ်ပျက်အဆုံးဖြစ်တဲ့ အဆုံးမြင်နိုင်တဲ့ မဂ္ဂင်ရှစ်ပါးလမ်းမတော်ပေါ် ရောက်ဖို့ရာ ဒုတိယအရေးလို့ မှတ်ပါ. . . (မှန်ပါ)၊ သဘောပါပြီလား . . . (ပါပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာမဂ်နဲ့ လောကုတ္တရာမဂ်ဟာ မောင်နိုင်တို့ ကိုဝတို့ ထူးခြားပြီလား . . . (ထူးခြားပါတယ်ဘုရား)။

## ဝိပဿနာမဂ်က ကိလေသာရှင်းဆဲ

ဝိပဿနာမဂ်က ကိလေသာရှင်းဆဲ . . . (မှန်ပါ)၊ မဂ်ကရှင်းပြီး . . . (မှန်ပါ)၊ လောကုတ္တရာမဂ်က. . . (ရှင်းပြီးပါဘုရား) ရှင်းပြီးက·နိဗ္ဗာန်ကို တွေ့နိုင်တယ် . . . (မှန်ပါ)။

ရှင်းဆဲက နိဗ္ဗာန်မတွေ့နိုင်သေးဘူးဆိုတာ ကောင်းကောင်းရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ သို့သော်တဲ့ နာမရူပ ပရိစ္ဆေဒကျမ်းကတော့ ဆိုရှာပါတယ်၊ နာမရူပပရိစ္ဆေဒ ကျမ်းဆိုတာ ရှင်အနုရုဒ္ဓါရေးတာ၊ သူက ဘယ်လိုဆိုလိုက်သတုံးဆိုတော့၊ ကွာ . . . ရှင်းဆဲကိုပဲ ရှင်းဆဲတရား၊ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာမဂ် ငါးပါးပေါ်လာရင်ပဲ ဒီ ပုဂ္ဂိုလ်ဟာ အရဟတ်တက်ပါပေ့လို့ အသေအချာဟောတာ . . . (မှန်ပါ)။

## အရှက်တက်ရင်နေထွက်တော့မယ်

"ဥပ္ပဇ္ဇတိ ယထာဗီဇံ ပူရက္ခိတွာ ရုဏံတထာ ဥပ္ပဇ္ဇတိ ယထာဒိစ္စော" တဲ့ နေထွက်မယ်ဆိုလို့ရှိရင်ဖြင့် အရုဏ်တက်ဟာ ရှေ့ပြေးဆိုတာ ကိုဝတို့ မှတ်မိမှာပါ . . . (မှန်ပါ)။

အရုဏ်နဲ့ နီးလာလို့ရှိရင် နေထွက်တော့မယ်ဆိုတာက မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ဒါကြောင့် "ဥပ္ပဇ္ဇတိ ယထာဒိစ္စောတဲ့၊ အာဒိစ္စောက နေ၊ ဥပ္ပဇ္ဇတိက - တက်တာ၊ ဥပ္ပဇ္ဇတိ ယထာဗီဇ ပူရက္ခိတွာ ရုဏံတထာ"။

ပူရက္ခိတွာ = ရှေ့သွားကတော့၊ အရုဏံ - အရုဏ်တက်တာပါပဲကွ. . . (မှန်ပါ)။

## ဖြစ်ပျက်တွေ့ရင်သေပျော်ပြီ

ဝိပဿနာမဂ်နဲ့ ဖြစ်ပျက်တွေ့ရင်ပဲ ဒီ ဒကာ ဒကာမတွေ သေပျော်ပြီလို့မှတ် . . . (မှန်ပါ)။ အရုဏ်တက်ပြီးဟာ . . . (မှန်ပါ) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဝိပဿနာ ပူရက္ခိတွာ မဂ္ဂဓမ္မော ပဝတ္တိ ဝိပဿနာ ရှေ့သွားလို့ရှိရင်၊ မဂ္ဂဓမ္မော - ဆိုတဲ့ မဂ္ဂင်ဟာ အသေအချာဖြစ်မယ် . . . (မှန်ပါ)။

ဒီရှေ့သွားသာရှိပစေတဲ့ လောကုတ္တရာမဂ္ဂင်ဘယ့်နှယ်တုံး . . . (ရှစ်ပါးဖြစ်မှာပါဘုရား) ဖြစ်ရမယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

## ဖြစ်ပျက်မြင်ရင် အရဏ်တက်ပြီ

ကိုင်း. . . ဒါဖြင့် ဟောဒီ ဖြစ်ပျက်မြင်လို့ရှိရင် ဒကာဒကာမတို့ အရဏ်တက်ပါပေါ့ . . . (မှန်ပါ)၊ နေထွက်ဖို့မသေချာသေးဘူးလား . . . (သေချာပါတယ်ဘုရား)။

ကိုင်း. . . ဝိပဿနာရှေ့သွားရှိတဲ့ ပုဂ္ဂိုလ်သည်ကားလို့ဆိုလို့ရှိရင်ဖြင့် လောကုတ္တရာမဂ်ဟာ လာရမယ်၊ ဘာပါရမီမှမလိုတော့ဘူး . . . (မှန်ပါ)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဖြစ်ပျက်ကို ပခါနထားတယ်

ဒါဖြင့် ဒကာ ဒကာမတို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာ သဒ္ဓါနိယာမတရား ငါးပါးနဲ့ ပြည့်စုံလို့ရှိရင်ဖြင့် ရရမယ်ဆိုတဲ့ဥစ္စာ၊ ဒီဖြစ်ပျက်တွေကို သူပခါနထားတာပဲ. . . (မှန်ပါ) သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

"ဥဒယဗ္ဗယ ဂါမိနိယာ ပညာယ. . " လို့ သေသေချာချာ သဒ္ဓါနိယာမတရားမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောထားတော့၊ ယုံကြည်၊ ကျန်းမာ ဟုတ်လား၊ ပြီးတော့မှ

ဖြစ်ပျက်ကို မြင်မှု အရေးမကြီးဘူးလား . . . (ကြီးပါတယ် ဘုရား)။

အဲဒီဉစ္စာ သဒ္ဒါနိယာမ တရားငါးပါးထဲမှာ သူအရေး ကြီးဆုံးပဲဆိုတာ ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ် ဘုရား)။

## အသေအချာမှတ်ပေတော့

ဒါကြောင့် သာမည ခင်ဗျားတို့ အဖြစ်အပျက်ဆိုတဲ့ "ဥဒယ◆ဗ္ဗယ" ကို မမြင်ဘဲနဲ့ ဘယ်နည်းနဲ့မှ လောကုတ္တရာမဂ် မရနိုင်ဘူးဆိုတာ ယနေ့ အသေအချာမှတ်ပေတော့ . . . (မှန်ပါ) မမှတ်ထိုက်ဘူးလား . . . (မှတ်ထိုက်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်သည်ကားလို့ ဆိုရင် ကိလေသာမပါတာကို လက်ခံတယ်နော် . . . (မှန်ပါ) ကိလေသာ မပါတဲ့တရားတွေကို . . . (လက်ခံပါတယ် ဘုရား)။

ကိလေသာရှင်းနေရတဲ့တရားတွေကို . . . (လက်မခံ ပါဘူး)၊ လက်မခံသေးဘူးတဲ့၊ ပထမမဂ် မဂ္ဂင်ငါးပါးက ကိလေသာတွေကို ရှင်းလင်းနေရတော့၊ အင်း-ကိလေသာနဲ့ သူနဲ့က လုံးထွေးထွေးဖြစ်ပြီးသကာလ၊ နိုင်ချည်တစ်လှည့်၊ ရှုံး ချည်တစ်လှည့် ဖြစ်မနေဘူးလား . . . (ဖြစ်နေပါတယ်ဘုရား)။

ထိုသို့ ဖြစ်တဲ့အခါကျလို့ရှိရင် နိဗ္ဗာန်က လက်ခံသလား (မခံပါဘူးဘုရား)၊ ဒါကြောင့် ဝိပဿနာဉာဏ်သည် နိဗ္ဗာန်သို့ အာရုံမပြုနိုင်ပါဘူးဆိုတာပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။

ကဲ. . . ဝိပဿနာက နိုင်သွားပြီ၊ ကိလေသာကိုနိုင်သွားပြီဆိုတော့ မဂ်ကလည်း၊ အဲ မင်းနိုင်တဲ့ ကိလေသာတွေ မင်းပုံထားတာ ငါမီးရှို့ပါတော့မယ်ဆိုပြီး မဂ်ကမီးရှို့လိုက်တဲ့ အခါကျတော့၊ မဂ္ဂင်ကျတော့ ဒကာ ဒကာမတွေ အသေအချာ လက်ခံတယ် . . . (မှန်ပါ)။ လက်မခံဘူးလား . . . (လက်ခံပါတယ်ဘုရား)။

ဒါဖြင့် မသေရာ အမှန် ပြည်နိဗ္ဗာန်က အမတ၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)၊ မဂ္ဂင်အစစ် ဖြစ်လာတော့ "အမတ ဂါမိ မဂ္ဂေါ" သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဘာပါရမီမှ မစောင့်ပါနဲ့

အဲ ဒါက မသေရာ၊ ဒါက မသေရာ သွားတဲ့လမ်း၊ ဒါဖြင့် မဂ္ဂင်ရှစ်ပါး ပြည့်စုံအောင် ဒကာ ဒကာမတို့ ငါးပါးကစပြီး ကြိုးစားကြမယ်ဆိုလို့ရှိရင်ဖြင့် ဘယ်နည်းနဲ့မှ မရောက်မရှိဘူးဆိုတာ ဘာပါရမီမှ မစောင့်ပါနဲ့ . . . (မှန်ပါ)။

ဖြစ်ပျက်တွေ့ရင် ပါရမီတော့ဖြင့် ပြည့်ပြီးသားပုဂ္ဂိုလ်လို့ ဆုံးဖြတ်ချက်ချပြီး လုပ်မြဲတိုင်းသာလုပ်ပါ . . . (မှန်ပါ)။ သဘောပါကြပြီလား . . . (ပါပါတယ်ဘုရား)။

ကဲ ယနေ့ ဒီတွင် တော်ကြပါဦး။
သာဓု . . . သာဓု . . . သာဓု. . . ။